ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ သောကြာနေ့၊ (7-11-2014) (ဂ၀၁၇)

# ဒီမိုကရေစီနိုင်ငံတော်သစ်သို့ လျှောက်လှမ်းရာတွင် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်

## နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် (၅၉)ကြိမ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်**

ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ အားလုံး မင်္ဂလာပါခင်ဗျား။

ယနေ့ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၅၉)ကြိမ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပြည်နယ်နှင့်တိုင်းများ ဖွဲ့စည်းထူထောင်ရာတွင် ကရင်လူမျိုးများနေထိုင်သောဒေသကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ပါလီမန်တွင် ထည့်သွင်းစဉ်းစားလာခဲ့ကြပြီး **၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေ**အရ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ခဲ့ပါသည်။ **၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ် တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေ**အရ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့်သံတောင်မြို့နယ်တို့ကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းသတ်မှတ်ခဲ့ပါသည်။ ၎င်းနောက် ဒေါနတောင်ခြေရှိ မြဝတီကို မြို့နယ်တစ်ခုအဖြစ်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❋



**တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)က နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးများစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** *(သတင်း စာမျက်နှာ - ၉)*

(သတင်းစဉ်)

## မုန်တိုင်းသတင်း

**နေပြည်တော် နိုဝင်ဘာ ၆**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၄၈၀ ခန့်၊ အိန္ဒိယနိုင်ငံ ပို့ဘလဲ(လ်)ယားမြို့၏ အနောက်မြောက်ဘက် မိုင် ၃၆၀ ခန့်နှင့် ဗီဇာကာပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၃၁၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ နောက် ၂၄ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး မြောက်-အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ မုန်တိုင်းငယ်သည် မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျား

**စာမျက်နှာ ၅ ကော်လံ ၅ သို့** ○

# ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအဖြေရှာ



နိုင်လင်းကြည်(ကြေးမုံ)

**နေပြည်တော် နိုဝင်ဘာ ၆**

ယဉ်ကျေးမှုဝန်ကြီးဌာနက ယဉ်ကျေးမှု အမွေအနှစ်များအား ဖော်ထုတ်ထိန်းသိမ်းပေးလျက်ရှိသည့်အနက် ပုဂံယဉ်ကျေးမှုအမွေ အနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းသို့ တင်သွင်းနိုင်ရန်အတွက် ယမန်နှစ် နိုဝင်ဘာလမှ စတင်၍ ယူနက်စကိုမှပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုဝင်ဘာ ၁ ရက်က အမျိုးသားပြတိုက်(ရန်ကုန်) ၌ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ရေးနှင့် ပုဂံဒေသအတွက် လတ်တလော စီမံခန့်ခွဲရေး အစီအစဉ်များ ရေးဆွဲနိုင်ရန် ညှိနှိုင်းစည်းဝေးခဲ့ကြောင်း သိရသည်။

ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း၊ ပုဂံဒေသ အတွင်း လတ်တလော ဆောင်ရွက်ရမည့် အစီအစဉ်များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



ကြေးမုံစာတည်းရှေ့ထောင့် — ၇-၁၁-၂၀၁၄၊ သောကြာနေ့

# မြေကြီးက ရွှေသီးကြစေဖို့

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အဆင့်မြင့်စက်မှုလယ်ယာ ဧက ၃၀၀၀ စံပြစိုက်ကွင်း၌ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်း ဝတ်မှုန်ကူးပွဲတော်နှင့် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂ ရက်က ပြုလုပ်ရာ နိုင်ငံတော်သမ္မတကြီး တက်ရောက်ကြည့်ရှု အားပေးခဲ့သည်ကို မြင်တွေ့ရပါသည်။

ဒေသခံတောင်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စားနပ်ရိက္ခာဖူလုံစေရေးအတွက် မြန်မာနိုင်ငံ၏ အဓိကစားကုန်ဖြစ်သည့် ဆန်စပါးစိုက်ပျိုးခြင်းလုပ်ငန်းကို သမားရိုးကျစိုက်ပျိုးလုပ်ကိုင်သည်ထက် သိပ္ပံနည်းကျစိုက်ပျိုးရေးနှင့် အဆင့်မြင့်စက်မှုလယ်ယာ ကူးပြောင်းရေးသည် အရေးပါသောလုပ်ငန်းဖြစ်ပါသည်။ ယင်းကို နိုင်ငံတော်က ဦးဆောင်ဦးရွက်ပြုကာ စံနမူနာပြအဖြစ် လက်တွေ့စိုက်ပျိုးထုတ်လုပ်ပြသနေခြင်းဖြစ်၍ နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားကြီးများအနေဖြင့် အတုယူလုပ်ကိုင်သင့်ကြပေသည်။

ထိုသို့စိုက်ပျိုးလုပ်ကိုင်နိုင်အောင်လည်း အဆိုပါစံပြစိုက်ကွင်း၌ နယ်မြေဒေသအသီးသီးမှ တောင်သူဦးကြီးများကို မကြာခဏဖိတ်ခေါ်၍ ပြသပေးနေသည်ကိုလည်း မြင်တွေ့နေရပါသည်။ လိုအပ်သော အရင်းအနှီးစိုက်ပျိုးစရိတ်ချေးငွေများနှင့် အဆင့်မြင့်လယ်ယာသုံး စက်ကိရိယာများကို ဝယ်ယူနိုင်အောင် သက်ဆိုင်ရာက ပံ့ပိုးကူညီဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရပါသည်။

လက်ရှိတွင် အဆိုပါနည်းလမ်းအားအသုံးပြု၍ တစ်နိုင်ငံလုံးစိုက်ဧကပမာဏကိုလေ့လာတွက်စစ်ကြည့်ပါက အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှုပမာဏ နည်းပါးနေသေးသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့သော် အဆိုပါစီမံချက်ကို ဆောင်ရွက်နေပြီဖြစ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဟန်ချက်ညီစွာ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုလျှင် တောင်သူလယ်သမားများအတွက် ဝင်ငွေနှစ်ဆတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုကို ထိထိရောက်ရောက် လျှော့ချနိုင်မည်ဖြစ်ပါသည်။

အဆိုပါ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ကို နိုင်ငံတော်က စဉ်ဆက်မပြတ် အားပေးနေပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်လည်း စက်မှုလယ်ယာစနစ်များ အကောင်အထည်ဖော်နေပါပြီ၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိကလုပ်ငန်းများကလည်း ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များကို ထုတ်လုပ်ပေးနေပါသည်။ သမဝါယမအသင်းများကလည်း စက်မှုလယ်ယာစနစ် ကူးပြောင်းရေးတွင် ပါဝင်ဆောင်ရွက်နေပါသည်။ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်းကလည်း ဆန်အရည်အသွေးကောင်းမွန်စေရန် ခေတ်မီဆန်စက်ကြီးများကို ထူထောင်လုပ်ကိုင်နေပါသည်။

တောင်သူလယ်သမားဦးကြီးများဘက်ကလည်း မိမိတို့ဘဝတိုးတက်စေရန်အတွက် မြေယာပုံစံပြောင်းလဲခြင်း၊ စိုက်နည်းစနစ်မှန်ကန်ခြင်း၊ မျိုးကောင်းမျိုးသန့်ရရှိခြင်း၊ စက်မှုလယ်ယာစနစ်သို့ပြောင်းလဲခြင်းနှင့် တိုးတက်ကြီးပွားလိုစိတ်ရှိခြင်းတို့ လိုအပ်ပါသည်။ တောင်သူလယ်သမားကြီးများသည် ရှေးရိုးအစဉ်အလာရှိသူများဖြစ်၍ ယခုကဲ့သို့ အောင်မြင်ဖြစ်ထွန်းသော နည်းလမ်းကောင်းများကိုသိမြင်ကာ သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်သို့ အသွင်ကူးပြောင်းကြရန်လိုပါသည်။

နိုင်ငံတော်က အခြေအနေကောင်းများ ဖန်တီးပေးနေချိန်တွင် ရရှိလာမည့် အခွင့်အရေးများကို အမိအရ ဖမ်းယူတတ်ကြဖို့လိုပေမည်။ သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးရေးစနစ်ကို မလုပ်ကိုင်နိုင်သဖြင့် စပါးအထွက်မတိုး၊ မျိုးမအောင်၊ မျိုးမကောင်းဘဲ ဝင်ငွေမတိုး။ ဝင်ငွေရလမ်းနည်းပါးသဖြင့် လယ်ယာလုပ်ငန်းခွင်ကိုစွန့်ခွာ၊ အခြားငွေရလမ်းနောက်သို့လိုက်၍ ဒုက္ခရောက်ကြရသည့် အဖြစ်မျိုးမှ လွတ်ကင်းနိုင်စေရန် ခေတ်မီသိပ္ပံနည်းကျ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းကြရရန် ကြိုးပမ်းအားထုတ်ကြရပေလိမ့်မည်။ ထိုသို့ ကူးပြောင်းနိုင်ရန်လည်း နိုင်ငံတော်၏ ကူညီထောက်ပံ့မှုကိုရယူပြီး ပညာရှင်များကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသင့်သည်။

သို့ဖြစ်ရာ ဘိုးဘွားအမွေအနှစ် မြေကြီးကရွှေသီးနိုင်မည့် မိမိတို့၏ လယ်ယာမြေများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေပေးနိုင်ရေးအတွက် ရေရှည်တည်တံ့သော ခေတ်မီလယ်ယာစိုက်ပျိုးရေးနည်းစနစ်များဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## မြန်မာနိုင်ငံစာရေးဆရာအသင်း သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးပို့လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကြီးမှူးပြီး သက်ကြီးစာပေပညာရှင် ၁၈၀ အား ၁၃၇၆ ခုနှစ် နတ်တော်လဆန်း ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ပူဇော်ကန်တော့ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါကန်တော့ပွဲအတွက် နိုင်ငံတော်သမ္မတရုံးက ငွေကျပ် ၅၄ သိန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း- ဇနီး ဒေါ်ခင်လေးသက် မိသားစုက ငွေကျပ် ၁၈ သိန်း၊ ဒေါက်တာတင်ထွန်းဦး- ဒေါက်တာခင်မိုးမိုး (သုတစွယ်စုံမီဒီယာဂရု) မိသားစုက ငွေကျပ် ၁၅ သိန်း၊ မဟာသရေစည်သူ ဗိုလ်ချုပ်ကြီးစိုးဝင်း (ငြိမ်း)-ဇနီးဒေါ်သန်းသန်းနွဲ့ စာရေးဆရာမ(မလေး-မုံရွာ) မိသားစုက ငွေကျပ် ၁၀ သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးက ငွေကျပ် သုံးသိန်း၊ ဆရာဝန်တင်ရွှေမိသားစုက ငွေကျပ်သုံးသိန်း၊ ဦးတင်ခ (တက္ကသိုလ်တင်ခ) မိသားစုက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်ဝင်း (မနုဿကျော်ဝင်း) မိသားစုက ငွေကျပ်တစ်သိန်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)-ဒေါ်ခင်အေးမူ မိသားစုက ငွေကျပ်တစ်သိန်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)မိသားစုက ငွေကျပ်တစ်သိန်း၊ မြန်မာနိုင်ငံစာပေ ထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ငွေကျပ်တစ်သိန်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)-စာရေးဆရာမ(မလေးယဉ်) မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးကျော်စိုး (မောင်ကျေးဖူး) မိသားစုက ငွေကျပ်သုံးသောင်း၊ ဗန်းမော်မြို့နယ် ဦးမျိုးအောင်က ငွေကျပ်တစ်သောင်း၊ သာကေတမြို့နယ် စာရေးဆရာမင်းရိုးယဉ်က ငွေကျပ်တစ်သောင်းတို့ကို အသီးသီးလှူဒါန်းကြသည်။

အလှူငွေဖြစ်စေ၊ ပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## မြန်မာ-အာဆီယံအမျိုးသမီးများဖိုရမ် (၂၀၁၄) နေပြည်တော်နှင့် ရန်ကုန်တို့တွင် ဒီဇင်ဘာလဆန်း၌ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

အာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးဖိုရမ် နှစ်ကြိမ်ကျင်းပရမည်ဖြစ်ကာ ဒုတိယအကြိမ်မြောက်ဖြစ်သည့် မြန်မာ-အာဆီယံ အမျိုးသမီးများဖိုရမ် (၂၀၁၄) ကို နေပြည်တော်နှင့် ရန်ကုန်တွင် ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်များတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အမျိုးသမီးများဖိုရမ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို "အကူးအပြောင်းကာလ လူမှုအဖွဲ့အစည်းများအကြား အရှိန်မြှင့်ပါဝင်ခြင်း"ဟူ၍ သတ်မှတ်ကာ စကားရည်လုပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-အာဆီယံ အမျိုးသမီးများဖိုရမ် (၂၀၁၄) ကို အာဆီယံနိုင်ငံများ၏ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးအကူးအပြောင်းကာလတွင် အမျိုးသမီးများ ပါဝင်ရန်လိုအပ်မှု၊ အာဆီယံဒေသတွင် အများပါဝင်ပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု ဖန်တီးရေး၊ ၂၀၁၅ အလွန် အာဆီယံ အမျိုးသမီးများ၏ အနာဂတ် မျှော်မှန်းချက်၊ အာဆီယံဒေသတွင်း ဆက်သွယ်ဆောင်ရွက်မှုနှင့် ဒေသဖွံ့ဖြိုးရေးလမ်းကြောင်း၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ ဒေသတွင်း ရွှေ့ပြောင်းလုပ်သားများအရေး၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ဖန်တီးရေး စသည့် အခန်းကဏ္ဍများကို ဆွေးနွေးသွားမည်ဖြစ်သည်။

အမျိုးသမီးများဖိုရမ်သို့ တက်ရောက်သတင်းရယူလိုသော မီဒီယာများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကာ အသေးစိတ်အချက်အလက်များကို ပြင်သစ်သံရုံးနှင့် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးများ ဖိုရမ်ကို နိုင်ငံတော်အစိုးရက ကြီးမှူးကာ စီးပွားရေးနှင့် လူမှုရေးအသိုက်အဝန်းဆိုင်ရာ အမျိုးသမီးများဖိုရမ်နှင့် ပြင်သစ်သံရုံးတို့ ပူးပေါင်းစီစဉ်ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်က ကျင်းပခဲ့သော ပထမအကြိမ် အမျိုးသမီးများဖိုရမ်တွင် နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ကိုယ်စားလှယ် ၆၀၀ ကျော်၊ မိတ်ဖက်ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ တက်ရောက်ခဲ့သည်။

**(မိုးသူ)**

## ရမည်းသင်းမြို့နယ်အတွင်း ဆောင်းဝါ(မိုးနှောင်းဝါ) အဓိကထားစိုက်ပျိုး

**ရမည်းသင်း နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းပါးသောကြောင့် ဝါကို အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။

နယုန်လအတွင်း စိုက်ပျိုးခဲ့သော မိုးဝါများကောက်ယူသိမ်းဆည်းပြီးနောက် ဆောင်းဝါ(မိုးနှောင်းဝါ)ကို ဝါခေါင်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးကြသည်ဖြစ်ရာ နတ်တော်လဆန်းပိုင်းမှစ၍ ကောက်ယူနိုင်မည်ဖြစ်သည်။ ယခုနှစ်တွင် ဆောင်းဝါကို ပဲတီစိမ်းရိတ်သိမ်းပြီးအကွက်များတွင်လည်း တိုးချဲ့စိုက်ပျိုးကြကြောင်း သိရသည်။ ဝါမျိုးမှာ ငွေချည် (၆) အစွရေးမျိုး/အက်ဖ်ဝမ်းအစရှိသော ဝါမျိုးများကို မိမိလယ်ယာနှင့်ကိုက်ညီသောမျိုးကို ဝယ်ယူစိုက်ပျိုးကြသည်ဟု သိရပြီး တန်းကြား ၃ ပေ/ပင်ကြား ၃ ပေ၊ တစ်ကျင်းလျှင် တစ်ပင်စနစ်ဖြင့် စိုက်ပျိုးကြသည်။ ဝါသည် စိုက်ပျိုးပြီး ရက် ၅၀ မှ ၅၅ ရက်ဝန်းကျင်တွင် ပန်းစပွင့်ပြီး ရက်ပေါင်း ၁၅၀ မှ ရက် ၁၇၀ ဝန်းကျင်တွင် ကောက်ယူနိုင်သည်ဟု သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**







# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော်   နိုဝင်ဘာ   ၆

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဇေယျာသီရိမြို့နယ် မဟာဘုံကထိန်အခမ်းအနားသို့ တက်ရောက်ကြည်ညို၍ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

အဆိုပါဘုံကထိန် အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရအမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်း၊ ဦးအေးဟန်နှင့် ဦးအောင်မြင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများနှင့်ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက ဇေယျာသီရိမြို့နယ် ဘုံကထိန်နှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မဟာဘုံကထိန် အခမ်းအနားကိုယခုနှစ်တွင် ပထမဆုံး အကြိမ် စတင်ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆရာတော်ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)



**ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ။**

**❖ ပုဂံဒေသမှ**

ဇုန်ပြင်ဆင်ရေးဆောင်ရွက်ရန် လျာထားကာလနှင့် ပုဂံဇုန်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းတို့ကို ခြောက်လ ရပ်ဆိုင်းထားရန် ဆွေးနွေးခဲ့ကြောင်း၊ ယဉ်ကျေးမှုထိန်းသိမ်းရေးအပြင် ဒေသခံဖွံ့ဖြိုးရေးပါ နှစ်ဖက်စလုံး အဆင်ပြေစေရန် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာ၍ အကြံပြုတင်ပြဆွေးနွေးရန်ဖြစ်ကြောင်း၊ ပုဂံဒေသခံများအတွက်သာမက ဧည့်သည်များအတွက်ပါ ထည့်သွင်းစဉ်းစားရမှာဖြစ်ကြောင်း အဆိုပါအစည်းအဝေးတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြောကြားသည်။

ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ထိုဒေသအတွင်း၌ ဒေသခံနေအိမ်များ တည်ရှိနေခြင်းကို ထောက်ပြထားပြီး ယူနက်စကိုပညာရှင်များက မိုတယ်နှင့် အခြားစီးပွားရေးအဆောက်အအုံများ တည်ရှိနေခြင်းကို ထောက်ပြထားသည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ "ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဆိုတာ နိုင်ငံသားတိုင်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ဖို့လိုပါတယ်။ မူလကတည်းက လူနေတာဖြစ်စေ၊ စီးပွားရေးလုပ်တာဖြစ်စေ၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ထိန်းသိမ်းရေးအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ လုပ်ဖို့လိုပါတယ်။ ဒါ့အပြင် ပုဂံယဉ်ကျေးမှုဇုန်အတွင်းမှာ ဟိုတယ်တွေရှိနေတာ ကောင်းတယ်၊ မကောင်းဘူးဆိုတာထက် မလိုအပ်ဘူးဆိုရင်လည်း တစ်ပြေးညီဖယ်ရှားသင့်တယ်"ဟု သမိုင်းပညာရှင် ဒေါက်တာသက်လွင်က ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသန လေ့လာသူ ဦးကြည်စိုးသောင်းက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ လူနေအဆောက်အအုံများ ရှိနေမှုနှင့် စပ်လျဉ်း၍ "ကျွန်တော် ကမ္ဘောဒီးယားကို အလည်သွားတဲ့အခါမှာ ကမ္ဘောဒီးယားမှာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်တဲ့ အန်းကောဝပ်လိုမျိုးနေရာတွေမှာ လူနေအိမ်ဆိုလို့ တစ်အိမ်မှ မတွေ့ခဲ့ရဘူး။ အဲလိုနေရာကို အရင်တစ်ခေါက်က ရောက်ခဲ့တဲ့အတိုင်းပဲ အခုတစ်ခေါက် ထပ်သွားတော့ တိုက်ရိုက်ခံစားရတယ်။ ဘာမှလည်း ပြောင်းလဲမှုမရှိဘူး။ အဲဒါလည်း ကမ္ဘာ့အမွေအနှစ်နေရာတစ်နေရာအတွက် ဆွဲဆောင်မှုတစ်မျိုးပေါ့၊ အခုလည်း ပုဂံဒေသနဲ့ ပတ်သက်ပြီး ပြောရရင် လူနေတယ်ဆိုပေမယ့် အစွဲတော့ရှိမှာပေါ့လေ၊ ဒါပေမယ့် အခုကိစ္စက တစ်မျိုးသားလုံးနဲ့ ဆိုင်တဲ့ကိစ္စဆိုတော့ Education နည်းနဲ့ ဖြေရှင်းမှပဲ အဆင်ပြေမယ်လို့ထင်တယ်"ဟု ပြောကြားခဲ့သည်။



**သမိုင်းပညာရှင် ဒေါက်တာသက်လွင်။**

ညောင်ဦးနှင့် ပုဂံယဉ်ကျေးမှုဇုန်များကို ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ ကာကွယ်ထိန်းသိမ်းရေးဥပဒေ(၁၉၉၈)က သတ်မှတ်ထားသည်။ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာ ဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာ ဇုန်၊ ကာကွယ်ထိန်းသိမ်းရေးဇုန်များကို ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးနှင့် အဆိုပါ ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် 'ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာ' ရည်ရွယ်ချက်များဖြင့် ဥပဒေကို လိုက်နာပြီး ပြန်လည်ပြင်ဆင်သတ်မှတ်သင့်/မသင့် ဖြစ်သည်ဟု သိရသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနက ပညာရှင်များ၏ ဆွေးနွေးအကြံပြုချက်များအား ဇုန်ပြင်ဆင်သတ်မှတ်ရေးနှင့် စီမံခန့်ခွဲမှုအစီအစဉ်ရေးဆွဲပါက လိုအပ်သည်များကို ထည့်သွင်းဆောင်ရွက်နိုင်ရေးအတွက် မှတ်တမ်းတင်ထားရှိသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက်က အမျိုးသားပြတိုက်(ရန်ကုန်)၌ ပြုလုပ်ခဲ့သည့် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

ယခုအစည်းအဝေးသည် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရန်အတွက် ပုဂံဒေသဇုန်နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ရေးညှိနှိုင်း ဆွေးနွေးပွဲဖြစ်သည်။ မကြာသေးမီကလည်း ပျူမြို့ သုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေး ဆောင်ရွက်သည့်ကိစ္စရပ်တွင် စံနှုန်းသတ်မှတ်ချက်များအရ နည်းပညာကျကျရေးသားတင်သွင်းနိုင်ခဲ့သည့်အပြင် နိုင်ငံဆက်ဆံရေးများအရလည်း မိတ်ဆက်ရှာဖွေပေးနိုင်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်နှင့် တွေ့ဆုံ၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝပုံကို ပြောကြားခဲ့ပြီးနောက် ပျူမြို့ သုံးမြို့သည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်လာခဲ့သည်။

❒❒



# ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော်   နိုဝင်ဘာ   ၆**

ဆလိုဗက်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့်ဥရောပရေးရာဝန်ကြီး H.E.Mr.Miroslav Lajcak ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၇ နာရီတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(သတင်းစဉ်)**

ASEAN BUSINESS & INVESTMENT SUMMIT 2014

ASEAN
Business & Investment
Summit 2014

11-13 Nov 2014
MICC (II)
NAY PYI TAW, MYANMAR

Proudly Sponsored By
AYA Bank
Your Trusted Partner



ဆဋ္ဌမမြောက်သက်တမ်းအတွက် အောင်ပွဲခံသူ အထက်လွှတ်တော် လူနည်းစု ခေါင်းဆောင် မစ်ချ်မက်ကောနဲလ်အား တွေ့ရစဉ်။

# သမ္မတအိုဘားမားနှင့်ရီပတ်ဘလီကင်ခေါင်းဆောင်သစ် လက်တွဲလုပ်ကိုင်သွားကြမည်ဟု ကတိပြုပြောဆို

ဝါရှင်တန် နိုဝင်ဘာ ၆

**အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် အထက်လွှတ်တော်၏ ရီပတ်ဘလီကင် ခေါင်းဆောင်သစ် မစ်ချ်မက်ကောနဲလ်တို့သည် နိုင်ငံရေးပဋိပက္ခဖြစ်မှုကို အဆုံးသတ်ကာ လက်တွဲလုပ်ဆောင်သွားကြမည်ဟု ကတိပြုကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။**

အမေရိကန်ပြည်ထောင်စု၌ နိုဝင်ဘာ ၄ ရက်က ကျင်းပသော သက်တမ်းလယ်ကာလ ကွန်ဂရက်ရွေးကောက်ပွဲ၌ ရီပတ်ဘလီကင်တို့ သမိုင်းဝင်အောင်ပွဲခံနိုင်ခဲ့ပြီးနောက် ယခုအခါ လွှတ်တော်နှစ်ရပ်စလုံးကို ထိန်းချုပ်နိုင်တော့မည်ဖြစ်သည်။

အထက်လွှတ်တော် ခေါင်းဆောင်သစ်ဖြစ်လာမည့် မက်ကောနဲလ်သည် ကင်တပ်ကီပြည်နယ်မှဖြစ်ပြီး အမေရိကန်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်ရပ်များ၌ သက်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်ဆို၏။

မိမိသည် သမ္မတအိုဘားမားနှင့် လက်တွဲလုပ်ဆောင်နိုင်မည့် စွမ်းအင်၊ ကုန်သွယ်ရေး သဘောတူညီချက်များနှင့် စီးပွားရေး လုပ်ငန်းများ၏ အခွန်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတို့ကဲ့သို့သော လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် အစီအစဉ်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း မက်ကောနဲလ်က ပြောကြားသည်။

လာမည့် နှစ်နှစ်တာကာလကို ထိထိရောက်ရောက် ဖြတ်သန်းနိုင်ရေးအတွက် ကွန်ဂရက်သစ်နှင့် လက်တွဲလုပ်ဆောင်သွားရန် မိမိ စိတ်အားထက်သန်လျက်ရှိကြောင်း သမ္မတ အိုဘားမားက ပြောကြားသည်။

### တာဝန်ယူ

မက်ကောနဲလ်သည် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၃ ရက်မှစ၍ အထက်လွှတ်တော်၏ လူနည်းစုခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်လာခဲ့သူဖြစ်ပြီး ၎င်းသည် အထက်လွှတ်တော်လူများစု ခေါင်းဆောင်အဖြစ် တာဝန်ယူတော့မည်ဖြစ်သည်။ **ရိုက်တာ**

## အာဏာလွှဲပြောင်းရေးအစီအစဉ်အား ဘူကီနာဖာဆိုခေါင်းဆောင်များသဘောတူ

**အူရာဂါဒူးဂူး နိုဝင်ဘာ ၆**

ဘူကီနာဖာဆိုနိုင်ငံမှ နိုင်ငံရေးပါတီခေါင်းဆောင်များက လာမည့်နှစ်တွင် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုပြုမည့် အစီအစဉ်အား သဘောတူညီခဲ့ကြပြီး ၂၀၁၅ ခု နိုဝင်ဘာလတွင် ရွေးကောက်ပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဘူကီနာဖာဆို နိုင်ငံမြို့တော် အူရာဂါဒူးဂူး၌ ကျင်းပသော ဘူကီနာဖာဆို၏ နိုင်ငံရေး အကျပ်အတည်းဖြေရှင်းရေး ဆွေးနွေးပွဲသည် သဘောတူညီမှု တစ်စုံတစ်ရာ မရရှိဘဲ ပြီးဆုံးသွားပြီး အသွင်ကူးပြောင်းရေးကာလ အစိုးရတစ်ရပ်ဖွဲ့စည်းရေးကိုသာ ဦးတည်နိုင်ခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ယင်းနိုင်ငံတွင်း ကြီးမားသော ဆန္ဒကျင်ဆန္ဒပြမှုများ ဖြစ်ပွားနေစဉ်တွင် ဘူကီနာဖာဆို စစ်ဘက်က သမ္မတ ဘလက်ကေ ကွမ်ပါအိုအားသမ္မတရာထူးမှအတင်းအကျပ် နုတ်ထွက်စေခဲ့သည်။

အာဖရိကသမဂ္ဂ(အေယူ)က နိုဝင်ဘာ ၃ ရက်က ဘူကီနာဖာဆို စစ်ဘက်အား ရက်သတ္တနှစ်ပတ်အတွင်း အရပ်ဘက်အုပ်ချုပ်သူများထံ အာဏာလွှဲအပ်ရန် တောင်းဆိုခဲ့ပြီး သို့မဟုတ်ပါက အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်ရမည်ဟု ပြောကြားခဲ့သည်။

ဘူကီနာဖာဆို စစ်ဘက်မှ ကျောထောက်နောက်ခံပြုထားသည့် ကြားဖြတ်အစိုးရ ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး အိုင်ဇက်ဇီဒါက နောက်ပိုင်းတွင် အေယူက သက်မှတ်ချိန်ကို လိုက်လျောမည်ဟုကတိပေးခဲ့သည်။ ၎င်းသည် ယခင်က သမ္မတ၏ ကိုယ်ရံတော်တပ်ဖွဲ့ ဒုတိယတပ်မှူးလည်းဖြစ်သည်။

နိုဝင်ဘာ ၅ ရက်က ယင်းနိုင်ငံ မြို့တော်တွင် ကျင်းပသည့် အကျပ်အတည်းဖြေရှင်းရေး ဆွေးနွေးပွဲသို့ အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မျိုးနွယ်စုအကြီးအကဲများလည်း တက်ရောက်ကြောင်း အစည်းအဝေးအပြီး ထုတ်ပြန်ချက်အရ သိရသည်။ ဘီဘီစီ။

## တူရကီသမ္မတအာဒိုဂန်၏အိမ်တော် အကုန်အကျများစွာခံ၍ တည်ဆောက်

အန်ကာရာ နိုဝင်ဘာ ၆

**တူရကီနိုင်ငံသမ္မတ ရီဆစ်တေယစ်အာဒိုဂန်အတွက် တည်ဆောက်သည့် အငြင်းပွားဖွယ်အခန်းပေါင်း ၁၀၀၀ ပါဝင်သည့် သမ္မတအိမ်တော်သည် ကုန်ကျစရိတ် ပေါင် ၃၈၅ သန်း (အမေရိကန်ဒေါ်လာ ၆၁၅ သန်း)ခန့်ရှိပြီး ယခင်က ခန့်မှန်းတွက်ချက်ခဲ့သည့် ကုန်ကျစရိတ်ထက် နှစ်ဆဖြစ်ကြောင်း တူရကီအစိုးရ တာဝန်ရှိသူက ပြောကြားသည်။**



**တူရကီသမ္မတ၏ အခန်းပေါင်း ၁၀၀၀ ပါဝင်သော နန်းတော်သစ်ကို တွေ့ရစဉ်။**

အက်ဆာရေ (အိမ်ဖြူတော်)ဟု လူသိများသည့် အဆိုပါ အဆောက်အအုံကို တူရကီနိုင်ငံ မြို့တော်အစွန်ရှိ သစ်တောဖုံးလွှမ်းသည့် တောင်ကုန်းမြင့်တစ်ခုရှိစတုရန်းမီတာ ၁၅၀၀၀၀ (စတုရန်းပေ ၁ ဒသမ ၆ သန်း) ကျယ်ဝန်းသောမြေတွင် တည်ဆောက်ထားခြင်းဖြစ်သည်။

မစ္စတာ အာဒိုဂန်သည် တူရကီသမ္မတ ရာထူးရရှိပြီးနောက် ယခုနှစ် ဩဂုတ် ၃၀ ရက်တွင် သမ္မတအိမ်တော်ကို ဖွင့်လှစ်ပေးခဲ့သည်။

တူရကီသမ္မတ အာဒိုဂန်၏ အေကေပါတီသည် တူရကီနိုင်ငံရေးတွင် ဆယ်စုနှစ်တစ်ခုကျော် လွှမ်းမိုးထားခဲ့ပြီး ဖြစ်သည်။

လက်ရှိတူရကီ သမ္မတ၏အိမ်တော်သည် ဝါရှင်တန်ဒီစီရှိ အမေရိကန်သမ္မတအိမ်ဖြူတော်၊ ရုရှားနိုင်ငံမော်စကိုမြို့ရှိ ကရင်မလင်နန်းတော်နှင့် ပြင်သစ်နိုင်ငံ ပါရီမြို့အနီး ဗာဆေးလ်နန်းတော်တို့ထက် ကြီးမားသည်ဟု သတင်းတွင် ဖော်ပြသည်။

တူရကီနိုင်ငံဘဏ္ဍာရေးဝန်ကြီး၏ ပြောကြားချက်အား တူရကီနိုင်ငံနေ့စဉ်ထုတ် ဟာရီသတင်းစာကကောက်နုတ်ဖော်ပြရာတွင် အဆိုပါအိမ်တော်အတွက် ကုန်ကျစရိတ် တူရကီလိုင်ယာငွေ ၁ ဒသမ ၃၇ ဘီလျံ(အမေရိကန်ဒေါ်လာ ၆၁၅ သန်း)ကျခံသုံးစွဲပြီးဖြစ်ကြောင်း၊ သို့သော် ၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်၌ ယင်းအတွက် အမေရိကန်ဒေါ်လာ ၁၃၅ သန်းခန့်လိုအပ်မည်ဟုဆိုသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများက သမ္မတ အာဒီဂန်သည် ပြည်သူ့ဘဏ္ဍာငွေများကို ဖောဖောသီသီအသုံးပြုပြီး ခမ်းနားထည်ဝါသော တည်ဆောက်မှုလုပ်ဆောင်ခဲ့ကြောင်း၊ ယင်းကြောင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု ထိခိုက်နစ်နာစေခဲ့ကြောင်း ပြောကြားသည်။ **ဘီဘီစီ။**



## အကြမ်းဖက်သမားဟု သံသယရှိသူ ကူဝိတ်လူမျိုးတစ်ဦးအား ဂွာတာနာမို အကျဉ်းထောင်မှလွှတ်ပေး

**ဂွာတာနာမို နိုဝင်ဘာ ၆**

ဂွာတာနာမိုပင်လယ်ကွေ့ အကျဉ်းထောင်တွင် ကာလကြာရှည်စွာ ထိန်းသိမ်းခံနေရသည့် အကြမ်းဖက်သမားဟု သံသယရှိသူ ကူဝိတ်လူမျိုးတစ်ဦးအား ၎င်း၏ ဇာတိနိုင်ငံသို့ စေလွှတ်ပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖော်ဂီအယ်လ်အိုဒက်ချ်အမည်ရှိ အသက်(၃၇)နှစ်အရွယ်ရှိသူ အကျဉ်းသားကို အမေရိကန်က စဉ်ဆက်မပြတ်ထူးခြားစွာ ခြိမ်းခြောက်နိုင်သူမဟုတ်ဟု သုံးသပ်ဆန်းစစ်ပြီးနောက် ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

၎င်းအား အယ်လ်ခိုင်ဒါ သို့မဟုတ် တာလီဘန်များနှင့် ဆက်စပ်သည်ဟူသော သံသယဖြင့် ပါကစ္စတန်တွင် ဖမ်းဆီးခဲ့ပြီး ၂၀၀၂ခုနှစ်ကတည်းကပင် ဂွာတာနာမို အမေရိကန်အကျဉ်းစခန်း၌ ထိန်းသိမ်းထားခဲ့ခြင်း ဖြစ်သည်။ ၎င်းကမူ အဆိုပါစွဲချက်များကို ငြင်းဆန်ခဲ့သည်။

အကျဉ်းမှလွတ်မြောက်လာသူ မစ္စတာအိုဒက်ချ်သည် ကူဝိတ်အစိုးရလေယာဉ်ဖြင့် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြန်လည်လိုက်ပါသွားသည်။

**ဘီဘီစီ။**

# ပေါ်တူဂီ သီးသန့်စီးပွားရေးဇုန် ရေပြင်အတွင်းမှ ရုရှားရေယာဉ်ကို ပေါ်တူဂီရေတပ်စောင့်ကြပ်ပို့ဆောင်

**လစ္စဘွန်း နိုဝင်ဘာ ၆**

ပေါ်တူဂီနိုင်ငံ၏ ပင်လယ်ရေကြောင်းစီးပွားရေးဇုန်အတွင်း ဝင်ရောက်လာသော ရုရှား သမုဒ္ဒရာစူးစမ်းလေ့လာရေး သင်္ဘောတစ်စင်းကို ပေါ်တူဂီရေတပ်မှ သင်္ဘောတစ်စင်းက ရေပိုင်နက်ပြင်ပကို စောင့်ကြပ်လိုက်ပါပို့ဆောင် ပေးခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နိုဝင်ဘာ ၅ ရက် နံနက်အစောပိုင်း၌ ယင်း ဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း တူရကီကာကွယ်ရေး ဝန်ကြီးက ပြောကြားသည်။ ရုရှားရေယာဉ်သည် ကမ်းခြေမှ ရေမိုင် ၂၂ ကီလိုမီတာ(၁၂ မိုင်ကျော်) အကွာ နိုင်ငံတကာ ရေပြင်ပိုင်နက်တွင်ရှိနေခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ရုရှားမြေပုံရေးဆွဲရေးယာဉ်ကို ကြားဖြတ် ဟန့်တားခဲ့ခြင်းဖြစ်ပြီး ပေါ်တူဂီရေတပ် စစ်ရေယာဉ်များ နိုင်ငံတောင်ပိုင်း ဖာရိုဆိပ်ကမ်းမှ မောင်းနှင်လာခြင်းဖြစ်သည်။

နိုင်ငံတကာဥပဒေအရ နိုင်ငံတိုင်းသည် နိုင်ငံ၏ ကမ်းခြေမှ ရေမိုင် ၂၀၀ အကွာအထိ နယ်မြေကို သီးသန့်စီးပွားရေးဇုန်အဖြစ် သတ်မှတ်ထားသော်လည်း ၎င်းသတ်မှတ်ရေပြင်၏ ဧရိယာအများစုမှာ နိုင်ငံတကာ ရေပြင်လည်း ဖြစ်သည်။

**ဘီဘီစီ။**




ပေါ်တူဂီရေတပ်မှ စစ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

ပြည်တွင်းရေးရာ

# ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းအား ကာလလတ်ဘဏ္ဍာရေးမူဘောင်နှင့် ကိုက်ညီရေးဆွဲနိုင်ရေး ရှင်းလင်း

**နေပြည်တော်　　နိုဝင်ဘာ　　၆**

ကာလလတ်ဘဏ္ဍာရေးမူဘောင်(Medium Term Fiscal Framework) အား မေခရိုစီးပွားရေးဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ (Fiscal Disciplines) တိုးတက်ကောင်းမွန်စေရေး၊ ဌာနအဖွဲ့အစည်းများသို့ အသုံးစရိတ်ဘောင်ချမှတ်ပေးခြင်းဖြင့် အရင်းအမြစ်ခွဲဝေမှုဆိုင်ရာ မဟာဗျူဟာ (Strategic Resource Allocation) တိုးတက်ကောင်းမွန်စေရေး၊ ဘဏ္ဍာရေးပွင့်လင်းမြင်သာမှု (Fiscal Transparency) ရှိစေရေးတို့အတွက် ရည်ရွယ်၍ ရေးဆွဲခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာ ၅ ရက် နံနက်က ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၄) စုပေါင်းခန်းမ၌ ကျင်းပသည့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းအား ကာလလတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework) နှင့် ကိုက်ညီရေးဆွဲနိုင်ရေး ရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားခဲ့သည်။

ဆက်လက်၍ နှစ်စဉ်ဘတ်ဂျက်ကိန်းဂဏန်းများအရ မူလခန့်မှန်းသည့် အရအသုံးကိန်းဂဏန်းများနှင့် အမှန်အကောင်အထည်ဖော်နိုင်သည့် အရအသုံးကိန်းဂဏန်းများသည် ကွာခြားမှုရှိပါကြောင်း၊ ယင်းကွာခြားမှုကို နည်းနိုင်သမျှ နည်းစေရန်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မူလခန့်မှန်းစဉ်ကထက် ရငွေများပိုမိုရရှိနိုင်သဖြင့် နောက်ထပ်ရငွေများ လျာထားရန်နှင့် မူလခန့်မှန်းစဉ်ကထက် မဖြစ်မနေပိုမိုသုံးစွဲရန် လိုအပ်သဖြင့် နောက်ထပ်သုံးငွေများ ခွင့်ပြုရန် လိုအပ်သည့်အခါ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကာလလတ်ဘဏ္ဍာရေးမူဘောင်ကို ရေးဆွဲ၍ ၎င်းကိုအခြေခံပြီး ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲမည်ဖြစ်ရာ အောက်မှအထက်သို့ တင်ပြသည့်လိုအပ်ချက်နှင့် အထက်မှအောက်သို့ သတ်မှတ်လမ်းညွှန်ပေးသည့် ပုံစံကို ပေါင်းစပ်ကျင့်သုံးမည်ဖြစ်ပါကြောင်း တက်ရောက်လာကြသူများမှလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် ကာလလတ်ဘဏ္ဍာရေးမူဘောင်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များအား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ရှင်းလင်းဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်း၍ အကြံပြုဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဘဏ္ဍာရေးတာဝန်ခံများ စုစုပေါင်းအင်အား ၃၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။ **(ကြေးမုံ)**



**ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ဆ/က ရပ်ကွက် မေတ္တာရှင်အဖွဲ့၏ ဒုတိယအကြိမ်မြောက် ပဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် အာဟာရဒါန စတုဒိသာကျွေးပွဲကို သဃ်န်းကျွန်းမြို့နယ် ခိုင်သဇင်လမ်းတွင် နိုဝင်ဘာ ၅ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။** ခင်မောင်ဝင်း(ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏



### ✱ တိုင်းဒေသကြီးမှ

ကဏ္ဍာအလိုက် ဝတ်စုံပြည့်သရုပ်ပြလေ့ကျင့်မှုကို နိုဝင်ဘာ ၅ ရက် ညနေပိုင်းက ဝေသာလီအားကစားကွင်းတွင် စုပေါင်းလေ့ကျင့်ကြရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ဖျော်ဖြေရေးအစီအစဉ်များတွင် ရခိုင်ရိုးရာကျင်ယိမ်းအဖွဲ့မှ ဖျော်ဖြေတင်ဆက်ခြင်း၊ "သွေးချင်း တို့ဌာနေ မြန်မာပြည်"တေးသီချင်းကို ကျောင်းသားကျောင်းသူများက "ရခိုင်ပြည်နယ်"စာတန်းဖြင့် လည်းကောင်း၊ "တို့မြန်မာနိုင်ငံပြီ" တေးသီချင်းကို "ရွှင်လန်းချမ်းမြေ့ပါစေ" စာတန်းနှင့် စကြာပုံစာတန်းများဖြင့် လည်းကောင်း၊ ပြည်ထောင်စုလှေလှော်ခြင်းအကကို"ထာဝရမြန်မာ" တေးသီချင်း၊ ကြိုဆိုပါ၏ စာတန်းစသည်ဖြင့် သရုပ်ဖော်တင်ဆက်ခဲ့ကြသည်။ **(ဇော်နိုင်ထွန်း)**

### ❍ မုန်တိုင်းမှ

နေခြင်းမရှိသည့်အတွက် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

MSP CAT
CAREER OPPORTUNITIES
1. Manager (Male) 1 Post
Other Requirements
Human Resources Department



## ပြည်တွင်းရေးရာ

◆ ကျောဖုံးမှ

အောက်တိုဘာလကတည်းက အများကြီးပဲ ပြုလုပ်ထားတယ်။ လေ့ကျင့်ချိန်ကို နံနက် ၇ နာရီလောက်ကနေ ညပိုင်း ၈ နာရီလောက်အထိ ဂရုတစိုက် လေ့ကျင့်ကြတယ်။ ပြီးတော့ ကျွန်တော်တို့ကို တိုက်ခိုက်ရေး ယာဉ်မောင်းသင်တန်းတွေလည်း ပေးထားပါတယ်။ အရေးကြီးပုဂ္ဂိုလ်တွေနဲ့ ပါလာမယ့် အနီးကပ်လုံခြုံရေးအဖွဲ့ဝင်တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ကြပါတယ်"ဟု ပြောသည်။

အထူးတပ်ဖွဲ့ဝင် ဒုတပ်ကြပ် အေးမြင့်ခိုင်က "အာဆီယံမှာ အရေးကြီးပုဂ္ဂိုလ်တွေရဲ့ဘေးက လုံခြုံရေးတာဝန်ကို ထမ်းဆောင်ရမှာပါ။ လုံခြုံရေးယာဉ်တန်း ဆိုင်ကယ်အရန်လိုက်ပေးရမှာပါ။ အခုလိုတာဝန်ယူဆောင်ရွက်နိုင်ဖို့ သင်တန်းတွေ၊ လေ့ကျင့်မှုတွေအများကြီး လုပ်ခဲ့ပါတယ်။ အခြေခံအကြမ်းဖက်နှိမ်နင်းရေးသင်တန်းတွေ၊ တန်းမြင့်သင်တန်းတွေလိုမျိုး၊ ပြီးတော့ဂျူဒိုတို့ Boxing တွေလိုမျိုး လေ့ကျင့်သင်ကြားရပါတယ်"ဟု ပြောသည်။






အထူးတာဝန်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီးတင့်နိုင်ထွန်းက "ကျွန်တော်က အခုလာမယ့် အာဆီယံအစည်းအဝေးမှာ အရေးကြီးပုဂ္ဂိုလ်တွေရဲ့ ယာဉ်မောင်းတာဝန်ကို ထမ်းဆောင်ရမှာပါ။ ကျွန်တော်တို့ ဒီလိုတာဝန်ထမ်းဆောင်ဖို့အတွက် အခြေခံကနေစပြီး သင်ယူလေ့ကျင့်ပေးထားပါတယ်။ အခုလေ့ကျင့်တာကတော့ သတ်မှတ်ကြာချိန်၊ စံချိန်တို့နဲ့ ထပ်မံလေ့ကျင့်တာပါ" ဟု ပြောသည်။

အထူးတာဝန်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီး ဒေစီဝင်းက "ကျွန်မတို့အနေနဲ့ အခြေခံကစပြီး လေ့ကျင့်မှုတွေ ပြုလုပ်ထားပါတယ်။ လေ့ကျင့်တယ်ဆိုတာလည်း ကျွန်မတို့ အမြဲပုံမှန်လေ့ကျင့်နေတဲ့အတွက် အခုလိုလမ်းကြောင်းတွေအတွက်လည်း အဆင်သင့်ဖြစ်နေပါတယ်။ လမ်းကြောင်းတွေပြီးသွားရင်လည်း သင်တန်းတွေ၊ လေ့ကျင့်မှုတွေနဲ့ ကျွန်မတို့ တပ်ဖွဲ့ဝင်တွေက ဆက်လက်လေ့ကျင့်ရဦးမှာပါ။ အာဆီယံအတွက်လည်း အကောင်းဆုံးဖြစ်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု ပြောသည်။

အထူးတာဝန်တပ်ဖွဲ့ဝင် ဒုတပ်ကြပ် သန္တာလှိုင်က "မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရပြီး နိုင်ငံ့ခေါင်းဆောင်ကြီးတွေ လာရောက်တဲ့ပွဲမှာ မြန်မာအမျိုးသမီးတစ်ယောက်အနေနဲ့ အမျိုးသားတပ်ဖွဲ့ဝင်တွေနဲ့တန်းတူ ရင်ပေါင်တန်းဆောင်ရွက်ခွင့်ရတဲ့အတွက် အမြဲတမ်းဂုဏ်ယူနေမှာပါ"ဟု ပြောသည်။

အထူးတာဝန်တပ်ဖွဲ့ဝင် ဒုတပ်ကြပ် သင်းသင်းဝေက "ကျွန်မတို့ တပ်ဖွဲ့မှာ တပ်ဖွဲ့ဝင်မိန်းကလေး ၅၀ ကျော်လောက်ရှိပါတယ်။ အထူးတာဝန်တပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်တာ တစ်နှစ်ကျော်ကျော်လောက်ရှိပါပြီ။ အထူးတာဝန်တပ်ဖွဲ့ကို စတင်ဝင်ရောက်ပြီဆိုတာနဲ့ စစ်ရေးပြ အရင်နှစ်ပတ်သုံးပတ်လောက် လေ့ကျင့်ရတယ်။ ပြီးတဲ့အခါမှာတော့ နည်းနည်းအဆင့်မြင့်လာတယ်။ ဂျူဒိုတို့၊ လက်ဝှေ့တို့၊ သေနတ်ပစ်တာတို့ကို သင်ကြားလေ့ကျင့်ရပါတယ်။ သင်တန်းကာလ ခြောက်လ လေ့ကျင့်သင်ကြားရပါတယ်။ စစချင်းတော့ လေ့ကျင့်တဲ့အခါ ပင်ပန်းပေမယ့် ဆရာတွေကလည်း အားပေးသင်ကြားလေ့ကျင့်ပေးပါတယ်" ဟု ပြောသည်။

**(၂၅)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးသို့ လာရောက်ကြမည့် နိုင်ငံ့ခေါင်းဆောင်များ၏ လုံခြုံရေးတာဝန်ထမ်းဆောင်ကြမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတာဝန်တပ်ဖွဲ့ဝင်များ၏ ကြိုတင်လေ့ကျင့်မှု။**

မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်သည့် တစ်နှစ်တာအချိန်သည် နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကျင်းပပြီး မလေးရှားနိုင်ငံသို့ ဥက္ကဋ္ဌ တာဝန်ကို လွှဲပြောင်းပေးအပ်တော့မည်ဖြစ်ပါသည်။ ထိုသို့ မလွှဲပြောင်းမီ အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကဏ္ဍစုံမှ စဉ်ဆက်မပြတ် ဆောင်ရွက်မှုများကို ပြည်သူများ သိရှိစေရန် တင်ပြလိုက်ရပါကြောင်း။ ။



တပ်ကြပ်ကြီးဒေစီဝင်း။



ဒုရဲအုပ်တင်ဝင်းလှိုင်။



ဒုရဲအုပ်ဘိုဘိုမော်ဝင်း။



(၂၅)ကြိမ်မြောက်အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၁ ၌ လုံခြုံရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။



ဒုတပ်ကြပ်သင်းသင်းဝေ။




(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ အစည်းအဝေးကျင်းပမည့်နေရာ အဝင်လမ်းပေါက်ဖြစ်သည့် အမှတ်(၁)ဂိတ်တွင် အမှတ်(၁၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုရဲမှူးဝင်းနိုင်ဦးစီး၍ လုံခြုံရေးစတင်ဆောင်ရွက်နေသည်ကို နိုဝင်ဘာ ၆ ရက်က တွေ့ရစဉ်။ (ကြေးမုံ)



တပ်ကြပ်ကြီးတင့်နိုင်ထွန်း။




ဒုတပ်ကြပ်သန္တာလှိုင်။



ဒုတပ်ကြပ်အေးမြင့်ခိုင်။

# တန်ဆောင်မုန်းလပြည့်နေ့ မိုးရွာသွန်းနေမှုကြားက ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိသည့် ရန်ကုန်



**တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းက ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။**
ခင်မောင်ဝင်း(ကြေးမုံ)

**ရန်ကုန် နိုဝင်ဘာ ၆**

တန်ဆောင်မုန်းလသည် တန်ဆောင်တိုင်ဆီမီးထွန်းညှိ ပူဇော်ပွဲကျင်းပသည့်လ၊ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပသည့်လ၊ ဗုဒ္ဓ ဘုရားရှင်အားရည်မှန်း၍ မသိုးရွှေကြာသင်္ကန်းကပ်လှူပွဲများကျင်းပသည့်လဖြစ်သကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့ည၌ မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီးအမှူးပြုသော ပရိသတ်တို့အား ရဟန်းပြုရသော အကျိုးပြသည့် သာမညဖလသုတ်တရားတော်ကို ဟောကြားတော်မူသည့် သာမညဖလ အခါတော်နေ့ဖြစ်ခြင်းကြောင့် ယနေ့ တန်ဆောင်မုန်းလပြည့်နေ့သည် မြန်မာဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ကြီးတစ်နေ့ဖြစ်သည်။

ထို့ကြောင့် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ မိုးရွာသွန်းနေသည့်ကြားမှပင် မသိုးရွှေကြာသင်္ကန်း ကပ်လှူပွဲများ ကျင်းပခြင်း၊ သာမညဖလ အခါတော်နေ့ကျင်းပခြင်း၊ ကထိန်လျာသင်္ကန်းကပ်လှူပွဲများကျင်းပခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက်ဆီမီးထွန်းညှိပူဇော်ပွဲများကျင်းပခြင်း၊ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုပြုကြသည်များကို အစဉ်အလာတစ်ရပ်အဖြစ် ကျင်းပခဲ့ကြသည်။

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး၏ အကြိမ်(၃၀)မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပွဲမှရရှိသော သင်္ကန်းများကို ဗုဒ္ဓဝိနည်းတော်နှင့်အညီ ချုပ်လုပ်ထားသည့် မသိုးရွှေကြာသင်္ကန်းတော်များအား ယနေ့ တန်ဆောင်မုန်းလပြည့်အရုဏ်တက်ချိန်၌ စေတီတော်ရင်ပြင် အာရုံခံတန်ဆောင်းများအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်လေးဆူနှင့်တကွ အထက်ပစ္စယံ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်၊ ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်များထံ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ဆက်လက်၍ ဆွမ်းတော်ကြီးတင်လှူပူဇော်ခြင်းအခမ်းအနားကို နံနက် ၅ နာရီတွင် စေတီရင်ပြင်တော်တောင်ဘက် ဧည့်ခံတန်ဆောင်း၌ကျင်းပရာ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများက စေတီတော်အား ဆွမ်းတော်ကြီးတင်လှူ ဆက်ကပ်ပူဇော်ကြသည်။

ယင်းနောက် ရင်ပြင်တော်တောင်ဘက် ရောင်တော်ဖွင့်တန်ဆောင်း၌ စေတီတော် သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော်များအား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကလေးဝတောရကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ရေစက်သွန်းချ အနုမောဒနာတရားနာယူကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် မသိုးရွှေကြာသင်္ကန်းကပ်လှူခြင်း အခမ်းအနားကို နံနက် ၄ နာရီခွဲတွင် စေတီတော်ရင်ပြင်ပေါ်၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်မိသားစုများက ဂေါတမဗုဒ္ဓ၏ ဆံတော်မြတ်ရတနာ၊ ဇမ္ဗူဥဿျှောင်တိလောက မာန်အောင်မုနိဘုရား၊ နန်းဦးရုပ်ပွားတော်မြတ်ကြီးနှင့် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တို့အား မသိုးရွှေကြာသင်္ကန်းများကို ကပ်လှူပူဇော်ကြသည်။

ယင်းနောက် (၃၂)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ ဆုနှင်းသဘင် အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ စေတီတော်အလှည့်ကျ ဂေါပကအဖွဲ့ဝင်များက မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲအတွက် လှူဒါန်းကြသော အလှူရှင်များအား ထုတိမင်္ဂလာဂုဏ်ပြုလွှာများပေးအပ်ကြပြီး မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပွဲမှ ဆုရရှိကြသူများအား ဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် သံဃာတော်များထံမှ အလှူရှင်၊ ဧည့်ပရိသတ်နှင့် ဂေါပကအဖွဲ့ဝင်များက အနုမောဒနာ တရားနာယူကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၇)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့(နိုဝင်ဘာ ၅ ရက်) ညနေ ၅ နာရီတွင် စေတီတော်ရင်ပြင်၌ ကျင်းပရာ ရက်ကန်းစင်တော် ခုနစ်စင်ဖြင့် အမျိုးသမီးငယ်များက မသိုးသင်္ကန်းများကို ယှဉ်ပြိုင်ရက်ခတ်ကြသည်။

ဗုဒ္ဓဝိနည်းတော်နှင့်အညီ ချုပ်လုပ်ပြီးစီးသော မသိုးရွှေကြာသင်္ကန်းတော်များအား ယနေ့တန်ဆောင်မုန်းလပြည့် နံနက် ၄ နာရီခွဲတွင် စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ကာ ဝတ်အသင်းသား အသင်းသူများ၊ ဘုရားဖူးလာပြည်သူများက စေတီတော်နှင့် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော် ခုနစ်ဆူတို့၌ ဆက်ကပ်ပူဇော်ကြသည်။

ဆက်လက်၍ နံနက် ၅ နာရီ ၁၅ မိနစ်တွင် ဗုဒ္ဓမြတ်စွာဘုရားအားရည်မှန်း၍ စေတီတော် သြဝါဒါစရိယဆရာတော်ကြီး ငါးပါးတို့အား နံနက်အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ရေစက်ချတရားနာယူကြသည်။ နံနက် ၈ နာရီတွင် စေတီတော်အာရုံခံတန်ဆောင်းအပေါ်ထပ်၌ တန်ဆောင်မုန်းလပြည့် သာမညဖလ အခါတော်နေ့ အခမ်းအနားကို ကျင်းပခဲ့သည်။

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ဂေါပကအဖွဲ့က တန်ဆောင်မုန်းလဆန်း ၁၄ ရက် (အဖိတ်နေ့) ညနေပိုင်းက ကြီးမှူးကျင်းပခဲ့သည့် (၂၄)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပြိုင်ပွဲမှရရှိလာသော မသိုးရွှေကြာသင်္ကန်းတော်များကို ယနေ့နံနက်အရုဏ်တက်ချိန်၌ ဂေါပကအဖွဲ့က ဦးဆောင်ကာ အလှူရှင်များ၊ ဘုရားဖူးလာပြည်သူများက စေတီတော်ရင်ပြင် တန်ဆောင်းအသီးသီး၌ ကိန်းဝပ်စံပယ်သည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၌ ဆက်ကပ်လှူဒါန်းကုသိုလ်ပြုခဲ့ကြသည်။

ထို့အတူပင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘုရားကျောင်းကန်အသီးသီးနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းကြသူများ၊ သာမညဖလ အခါတော်နေ့ကျင်းပကုသိုလ်ပြုကြသူများ၊ ဥပုသ်သီတင်းသီလခံယူဆောက်တည်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် ညပိုင်းတွင် ဗုဒ္ဓအားရည်မှန်းကာ ဆီမီးရောင်စုံထွန်းညှိပူဇော်ကြသူများ မိုးရွာသွန်းမှုရှိနေသည့်ကြားမှပင် ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက်ကျင်းပသကဲ့သို့ အနားယူ အပန်းဖြေရာနေရာများ၊ ဥယျာဉ်ပန်းခြံများ၌ အပန်းဖြေအနားယူသူများဖြင့် စည်ကားခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ဖြစ်ပေါ်နေသော မုန်တိုင်းအရှိန်ကြောင့် ယမန်နေ့ နေ့လယ်ပိုင်းမှ ယနေ့ နေ့လယ်ပိုင်းထိ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး အထူးသဖြင့် ရန်ကုန်မြို့လယ်၌ နေရာအနှံ့အပြား မိုးရွာသွန်းမှု၊ လေပြင်းငယ်တိုက်ခတ်မှုရှိခဲ့သည်။ ယင်းသို့ မိုးရွာသွန်းမှု၊ လေပြင်းငယ်တိုက်ခတ်မှုတို့ကြောင့် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်အသီးသီးရှိ ဘုရားများ၌ ဘုရားဖူးများ၊ ကုသိုလ်ကောင်းမှုပြုကြသူများ အနည်းငယ်ပါးသွားသည်ကို တွေ့ရသည်။ ယနေ့ညနေပိုင်းတွင် မိုးရွာသွန်းမှုနည်းသွားခြင်းကြောင့် ဘုရားစေတီ၊ ကျောင်းကန်ဇရပ်တို့၌ ဘုရားဖူးများ၊ ဥပုသ်သီတင်းဆောက်တည်သူများ၊ သက်ကြီးဝါကြီးများအား ပူဇော်ကန်တော့ပွဲဖြင့် ကုသိုလ်ကောင်းမှုပြုကြသည့်ပြည်သူများ ပြန်လည်များလာသည်ကို တွေ့ရသည်။

ညပိုင်းတွင် ဌာနဆိုင်ရာရုံးများ၊ နေအိမ်တိုက်တာများ၌ ဗုဒ္ဓအားရည်မှန်းကာ ရောင်စုံမီး ထွန်းညှိပူဇော်မှု၊ မြို့ရွာ၊ ရပ်ကွက်၊ လမ်းအသီးသီးတို့၌ စတုဒိသာကျွေးမွေးဧည့်ခံလှူဒါန်းမှုများဖြင့် ပြန်လည်အသက်ဝင်လှုပ်ရှားလာသည်ကို တွေ့ရသည်။ **(သတင်းစဉ်)**

# မန္တလေး၌ တန်ဆောင်မုန်းလပြည့်နေ့ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**မန္တလေး နိုဝင်ဘာ ၆**

ယနေ့သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) ဖြစ်သည်နှင့်အညီ တန်ဆောင်မုန်းလပြည့်နေ့ အခမ်းအနားကို ရှေးထုံးစဉ်လာမပျက် ကျင်းပခဲ့ကြရာ မန္တလေးမြို့ပေါ်၌ ယနေ့နံနက်အရုဏ်တက်ချိန်မှစ၍ မန္တလေးမြို့ပေါ်နှင့်အနီးဝန်းကျင်ရှိ တန်ခိုးကြီးဘုရားပုထိုး စေတီတော်များ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မသိုးမြတ်သင်္ကန်းရက်လုပ်ပူဇော်ပွဲတော်၊ ရွှေကြာသင်္ကန်းရက်လုပ် ပူဇော်ပွဲနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးဆိုင်ရာဌာန အသီးသီးတွင် ကုသိုလ်ဒါနပြုခြင်းများ၊ ဆီမီးပူဇော်ပွဲများကို အစဉ်အလာမပျက်ကျင်းပလျက်ရှိကြရာ အထူးစည်ကားလျက်ရှိပြီး ကထိန်လုပ်သင်္ကန်းဆက်ကပ်လှူဒါန်းသည့် ကထိန်ပွဲတော်များကို ခြိမ့်ခြိမ့်သဲသဲကျင်းပလျက်ရှိသည်။ ယနေ့နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်း ကပ်လှူပူဇော်ကြကာ ဗုဒ္ဓဘာသာဝင်သူတော်စင်ရဟန်းရှင်လူ ပြည်သူများကလည်း ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်းနှင့် တရားဘာဝနာအားထုတ်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလှသည်။

နံနက် ၅ နာရီတွင် မန္တလေးမြို့ မဟာမုနိဘုရားတွင် ကျင်းပသော (၂၅)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုခဲ့ကြသည်။ ရှေးဦးစွာ မဟာမုနိရုပ်ရှင်တော်မြတ်တွင်ပူဇော်မည့် တဘက်တော်နှင့် မသိုးသင်္ကန်းတော်မြတ်အား စက်ချုပ်အဖွဲ့နှင့် တဘက်ပညာရှင်များက ဝန်ကြီးချုပ်နှင့်အဖွဲ့ထံသို့ ပေးအပ်ကြသည်။

ထို့နောက် မဟာမုနိဘုရား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တဘက်တော်ကိုလည်းကောင်း၊ သင်းပိုင်သင်္ကန်းတော်ကို ဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများကလည်းကောင်း၊ ဧကသီသင်္ကန်းတော်ကို မဟာမုနိဂေါပက အဖွဲ့၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းနှင့် စက်ချုပ်ပညာရှင်များ၊ ဓမ္မစကြာဝတ်အသင်းများက ကိုင်ဆောင်၍ မဟာမုနိရုပ်ရှင်တော်မြတ်အား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ကာ ရုပ်ရှင်တော်မြတ်ကြီးအား ရေတော်ဆရာတော်အမှူးပြုသော တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်းတော်ကို လွှမ်းခြုံပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ ဝန်ကြီးချုပ်က နေ့ချင်းပြီး ရက်လုပ်ခဲ့ကြသော ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသတို့မှ ရက်ကန်းပညာရှင်များ၊ ကိုးလုံးတကာ စက်ချုပ်ပညာရှင်များအဖွဲ့နှင့် မဟာမုနိ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့တို့အား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး ညပိုင်းတွင် မဟာမုနိရင်ပြင်၌ မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး ဝတ်အသင်းအဖွဲ့များက ရွတ်ဖတ်ပူဇော်ကြသည်။

ယနေ့မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စုပေါင်းမိုးပေါ်ကျ ဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို မဟာအတုလဝေယံ အတုမရှိကျောင်းတော်ကြီး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်၍ တာဝန်ရှိသူများနှင့် အလှူရှင်များက တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကထိန်ခံကျောင်း ၂၄ ကျောင်းတို့မှ ဆရာတော်ကြီးများအား ကထိန်လျာဥတ်သင်္ကန်းဆက်ကပ်လှူဒါန်းကာ ပင့်သံဃာဆရာတော်ကြီး သုံးပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့ပြင် အရှေ့ပြင်လုံးဆိုင်ရာ မဟာလောကရန်နိုင်မ်တော် အောင်တော်မူမြတ်စွာဘုရား၊ မန္တလေးတောင်ဆုတောင်းပြည့်ဘုရား၊ စွယ်တော်မြတ်စေတီတော်မန္တလေး၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရား၊ ရွှေကျီးမြင်၊ ဘုရားနီဘုရားနှင့် တန်ခိုးကြီးဘုရားပုထိုးစေတီတော်တို့တွင်ရွှေသင်္ကန်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆွမ်း ဆက်ကပ်လှူဒါန်း၍ ဆီမီးပူဇော်ခြင်းကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် အသင်းအဖွဲ့များက ကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားလှကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**



**✻ ရှေ့ဖုံးမှ**

သတ်မှတ်ပြီး ကရင်ပြည်နယ်ကို ဘားအံမြို့နယ်၊ ဖာပွန်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ သံတောင်မြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မြဝတီမြို့နယ်ဟူ၍ မြို့နယ်ပေါင်း ခုနစ်မြို့နယ်ဖြင့် အဆင့်ဆင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ထိုကဲ့သို့ သံလွင်ခရိုင်ကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ရန် ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးသော နိုဝင်ဘာလ ၇ ရက်နေ့ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၅၆ ခုနှစ်မှစတင်၍ ကရင်ပြည်နယ်နေ့အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၅၉)ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံရေးမတည်ငြိမ်မှုများ၏ ရိုက်ခတ်မှုကြောင့် လက်နက်ကိုင်ပဋိပက္ခများကို မိမိတို့ ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။ ယနေ့အချိန်အခါကာလသည် ထိုကဲ့သို့ မလိုလားအပ်သော အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပဋိပက္ခများချုပ်ငြိမ်းရေးနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရေးတို့အတွက် လက်တွဲဖော်ဆောင်ရမည့် အချိန်အခါကောင်းလည်းဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ခက်ခဲကြမ်းတမ်းသည့် ခရီးလမ်းကို ကာလရှည်ကြာစွာ ဖြတ်သန်းလာခဲ့ရပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သဘောထားမညီမျှမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာခဲ့ရသည့်အတွက် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရပါသည်။ ယနေ့အချိန်တွင် ကရင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရောင်ခြည်များ ရရှိခံစားနေရပြီး ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများလည်း ရရှိနေပြီဖြစ်ပါသည်။ ထို့အပြင် အေးချမ်းသာယာပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများနှင့်လည်း ပြည့်စုံနေပြီ ဖြစ်ပါသည်။ ရရှိပြီးအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကရင်ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက် ခံစားနိုင်အောင် တည်ဆောက်သွားကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါလှပေသည်။ နိုင်ငံတော်အစိုးရက ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရေး စသည့်ကဏ္ဍများအပါအဝင် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရရှိဖြစ်ထွန်းနေသည့် စည်းလုံးညီညွတ်မှုအခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများနှင့်အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရာတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် နေပြည်တော်ရှိ တန်ခိုးကြီးဘုရားများ အထူးစည်ကား

**နေပြည်တော် နိုဝင်ဘာ ၆**

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)ဖြစ်ပြီး နေပြည်တော်ရှိ တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးများ၊ ကျောင်းကန်များ၌ ဒါန၊ သီလ၊ ကုသိုလ်၊ ဘာဝနာပွားများအားထုတ်နေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရပေသည်။

အရုဏ်တက်ချိန်မှစ၍ ဘုရားကျောင်းကန်များတွင် ပန်း၊ ရေချမ်း၊ ဆွမ်းဆက်ကပ်လှူဒါန်းကြသူများ၊ သံဃာတော် အရှင်သူမြတ်များအား ရပ်ကွက်အလိုက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် ရပ်ကွက်အလိုက်၊ ဝန်ထမ်းအိမ်ရာအလိုက် စတုဒိသာ ကျွေးမွေးခြင်း၊ နိဗ္ဗာန်ဈေးပွဲတော် ကျင်းပခြင်း ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားလျက်ရှိသည်။ နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်ဂူတော်အတွင်းရှိ ကျောက်စိမ်းဘုရားများအား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ အသံမစဲပဌာန်းရွတ်ဖတ်ပူဇော်ပွဲများ ကျင်းပခြင်း၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်ကြသည်။

ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဝတ်အသင်းများက ဝတ်ပြုဆုတောင်းခြင်း၊ ဘုရားဖူးလာ ဒါန၊ သီလ၊ ဘာဝနာပွားများကြသည့် ရပ်ဝေးရပ်နီးမှ ပြည်သူများအား အစားအသောက်၊ အချိုရည်တို့ဖြင့် စေတနာရှင်၊ အလှူရှင်များက စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်ကိုလည်း တွေ့ရသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားကိုးဆူ၊ ကိုးခမ်းကြီးဘုရား၊ ရွှေလက်လှဘုရား၊ ဓာတုစယစေတီတော်နှင့် နေပြည်တော် မဟာမြတ်မုနိရုပ်ပွားတော်မြတ်၊ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် စသည့် ဘုရားပုထိုးများတွင်လည်း သီလဘာဝနာ ပွားများခြင်းနှင့် ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာလူမျိုးတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလသည် အဋ္ဌမမြောက်လဖြစ်ပြီး တန်ဆောင်ဆိုသည် မီးရှူး၊ မီးတိုင်၊ ဆီမီးဟုအဓိပ္ပာယ်ရကာ မုန်းသည် တောက်ပစေခြင်း၊ ထွန်းညှိစေခြင်း ဟူသည့် အဓိပ္ပာယ်ရသဖြင့် တန်ဆောင်မုန်းသည် ဆီမီးတန်ဆောင် ထွန်းမြောက်သောလဟု အဓိပ္ပာယ်ဖွင့်ဆိုရပေမည်။ ဆီမီးထွန်းညှိပူဇော်ခြင်းကို တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိစေတီတော်နှင့် အကနိဋ္ဌဗြဟ္မာပြည်ရှိ ဒုဿစေတီတော်တို့ကို ရည်မှန်းကာ ပူဇော်ကြကြောင်း မှတ်သားရသည်။

ထို့ပြင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့(ယနေ့)အထိ တစ်လမျှအတွင်း မြတ်စွာဘုရား အမှူးရှိသော သူတော်ကောင်းတို့က ခိုင်မာတည်မြဲစေသော အလှူ၏ သဘာဝကို ချီးမွမ်းအပ်သည့် ကထိန်သင်္ကန်း ကပ်လှူခြင်းကျင်းရသည့်လဖြစ်သည်နှင့်အညီ ရပ်ကွက်အလိုက်၊ မြို့နယ်အလိုက် အပြိုင်အဆိုင်ခင်းကျင်းကြသည်ကိုလည်း နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပသည်ကို ကြားသိတွေ့မြင်ရသူအပေါင်းတို့၏ သာဓုခေါ်ဆိုသံများက ဘဝင်ညံလျက်ရှိပေသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၆ ရက် တန်ဆောင်မုန်းလပြည့်နေ့အခါသမယ၌ နေပြည်တော်သတင်းစာတိုက်ဝန်ထမ်းများ စုပေါင်း၍ နိဗ္ဗာန်ဈေးပွဲတော် ပျော်ရွှင်စွာကျင်းပဆင်နွှဲကြသည်ကို တွေ့ရစဉ်။**

ရာမည(ကြေးမုံ)



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၆

**ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၅ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၅ မိနစ်တွင် မင့်စ်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။**

လေဆိပ်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Lotenkov၊ နိုင်ငံတော်ကာကွယ်ရေးနှင့် စက်မှုကော်မတီဒုတိယဥက္ကဋ္ဌ Mr.Bykor Igor၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Andrey Grenkivich နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံကောင်စစ်ဝန် ဒေါက်တာအောင်မိုးမြင့်တို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မင့်စ်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရုရှားနိုင်ငံ မော်စကိုမြို့ DME အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခေတ္တရောက်ရှိရပ်နားသည်။ ထို့နောက် လေဆိပ်ဧည့်ခန်း၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုရှားနိုင်ငံတွင် သင်တန်းများတက်ရောက်နေသည့် မြန်မာပညာတော်သင်များအား ဂုဏ်ပြုငွေများ ပေးအပ်ပြီး သင်တန်းကာလတစ်လျှောက်လုံး နိုင်ငံတော်အတွက် အကျိုးကျေးဇူးပြုမည်ဆိုသည့် စိတ်ဖြင့် ပညာကြိုးစားသင်ယူရေး၊ လူငယ်များပီပီ ကြံ့ခိုင်သည့် စိတ်ဓာတ်ဖြင့် အခက်အခဲများကို ဖြတ်ကျော်၍ မိမိရည်မှန်းချက်အောင်မြင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးတို့အား မှာကြားသည်။ ယင်းနောက် သံအမတ်ကြီး ဦးတင်ယုဦးဆောင်၍ မော်စကိုမြို့ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ မိသားစုများ၊ ပညာတော်သင်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မြန်မာ့ရိုးရာဓလေ့နှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် DME အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြပြီး လေဆိပ်၌ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လူအေးနှင့် တပ်မတော်အရာရှိကြီးများ ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## မော်ကျွန်း-တုံးလှဲချောင်းမြစ်အတွင်း ဆီမီး ၉၀၀၀ မီးမျှောပူဇော်ပွဲစည်ကားစွာကျင်းပ



**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၆**

(၁၆)ကြိမ်မြောက် ပြည်တော်အေးမြို့ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရှင်ဥပဂုတ္တအရှင်မြတ်ပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် ရွှေကျင်မြို့မှ ထုတ်လုပ်သော ရွှေကျင်ဆီမီးခွက်များဖြင့် ဆီမီး ၉၀၀၀ မီးမျှောပူဇော်ပွဲနှင့် တေးအလင်္ကာတေးဂီတအဖွဲ့၏ ဓမ္မပူဇာပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၆ ရက်) ည ၇ နာရီက တုံးလှဲချောင်းမြစ်အတွင်း စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ယင်းရွှေကျင်ဆီမီးခွက် ၉၀၀၀ တို့အား တုံးလှဲချောင်းအနောက်ပိုင်းရပ်မြစ်ကြောင်းအတွင်းမှ အရှေ့ပိုင်းရပ်သို့မြစ်ကြောင်းအတိုင်း ဆီမီးခွက်မျှောပူဇော်ပွဲတွင် လှပျိုဖြူအဖွဲ့များ၊ ဆီမီးခွက်မျှောအဖွဲ့အစည်းပေါင်းစုံတို့က ရွှေကျင်ဆီမီးခွက်ပေါင်း ၉၀၀၀ တို့အား တုံးလှဲချောင်းမြစ်အတွင်း မီးမျှောပူဇော်ကြသည်။ **(ဝဲပုံ)**

ထို့ပြင် နိုဝင်ဘာ ၆ ရက် ညပိုင်းတွင် ပြည်တော်အေးမြို့ဦးစေတီတော်၌ အရုဏ်ဆွမ်းနှင့် သစ်သီးကိုးမျိုး ကပ်လှူပူဇော်ကြပြီး မြို့ဦးစေတီဝင်းအတွင်း ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြသည်။

ယခုနှစ်တွင် ကျင်းပသော မြန်မာ့ရိုးရာ ငါးတက်လှေလှော်ပြိုင်ပွဲ၊ ခုနစ်တက်လောင်းလှေပြိုင်ပွဲ၊ တုံးလှဲချောင်းမြစ်အတွင်း ရွှေကျင်ဆီမီး ၉၀၀၀ မီးမျှောပူဇော်ပွဲနှင့် မြို့ဦးစေတီဝင်းအတွင်းကျင်းပသော ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲများသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ကြိတ်ကြိတ်တိုးလာရောက် ဖူးမြော်ကြည့်ရှုကြသဖြင့် အထူးစည်ကားသိုက်မြိုက်ကြောင်းသိရသည်။

**(မော်ကျွန်းမြင့်အောင်)**

# လှိုင်မြို့နယ်နှင့်မရမ်းကုန်းမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် မဟာဓာတ်အားလိုင်းဓာတ်တိုင်၊ သစ်ပင်၊ အိမ်တို့ပြိုလဲ

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့်လှိုင်မြို့နယ် အင်းစိန်လမ်းမတစ်လျှောက် ပါရမီလမ်းဆုံတို့တွင် ယနေ့နံနက် ၆ နာရီဝန်းကျင်က လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ရာ မဟာဓာတ်အားလိုင်းဓာတ်တိုင်များ၊ သစ်ပင်များ၊ နေအိမ်အမိုးများ၊ ကြော်ငြာဆိုင်းဘုတ်များ ပြိုလဲပျက်စီးခဲ့သည်။

ဖြစ်ပွားရာနေရာသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်ခိုင်နှင့် တာဝန်ရှိသူများသွားရောက်ပြီး လျှပ်စစ်ဓာတ်အားများ အချိန်မီပြန်လည်ရရှိရေး၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေး၊ ပြိုလဲပျက်စီးသွားသော အိမ်များမှမိသားစုဝင်များ အခက်အခဲမရှိစေရေးအတွက် မြို့နယ်အထောက်အကူအဖွဲ့တို့ ပူးပေါင်းပြီး ကယ်ဆယ်ရေးနှင့်ရှင်းလင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီပြီးစီးနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် အင်းစိန်လမ်း၊ ပါရမီလမ်းဆုံ၊ လှိုင်မြို့နယ်ဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံတို့တွင် လေပြင်းဒဏ်ကြောင့် သစ်ပင်အကြီးအသေးအပင် ၂၀၊ မဟာဓာတ်အားလိုင်း ဓာတ်တိုင် ၂၁ တိုင်၊ လမ်းဘေးကြော်ငြာဆိုင်းဘုတ်များ၊ လူနေအိမ်များ၊ တိုက်ခန်းမှန်များစသည့် ပြိုလဲပျက်စီး ထိခိုက်ခဲ့ကြောင်းသိရသည်။



လေပြင်းတိုက်ခတ်မှုဒဏ်ကြောင့် ပြိုလဲပျက်စီးခဲ့ရသော လုပ်ငန်းများကို ရှင်းလင်းကယ်ဆယ်ရေးလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်း ၂၀၀ ကျော်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးအဖွဲ့မှ ဝန်ထမ်း ၁၀၀ ကျော်၊ ရန်ကုန်တိုင်းကြက်ခြေနီအဖွဲ့၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအဖွဲ့များ၊ ရန်ကုန်တိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ပြီးစီးနိုင်ရန် ယာဉ်ယန္တရားများ၊ အထောက်အကူပြုယာဉ်များ၊ ဝန်ချီစက်များ အသုံးပြု၍ လျှပ်စစ်ဓာတ်တိုင်များ အသစ်ပြန်လည်စိုက်ထူခြင်း၊ လျှပ်စစ်မီးကြိုးများ ပြန်လည်သွယ် တန်းခြင်း၊ ပြိုလဲသော သစ်ပင်များ သယ်ပိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လေပြင်းတိုက်ခတ်မှုနှင့်ပတ်သက်၍ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေး အုပ်ချုပ်ရေးမှူးဦးမင်းမင်းက "လေပြင်းတိုက်ခတ်မှုကို မနက် ၅ နာရီခွဲနဲ့ ၆ နာရီဝန်းကျင်မှာ တိုက်တာလို့ မှန်းဆရပါတယ်။ တစ်ညလုံးမိုးရွာထားတဲ့အတွက် လမ်းပေါ်မှာ လူမရှိလို့ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိပါ။ လေပြင်းတိုက်ခတ်မှုအများဆုံး နေရာဟာ အင်းစိန်လမ်းနဲ့ ပါရမီလမ်းထောင့်ဖြစ်ပြီး သစ်ပင်တွေပြိုလဲခြင်းနဲ့ ဓာတ်တိုင်တွေပြိုလဲမှုမှာ မဟာဓာတ်အားလိုင်း ဓာတ်တိုင် ၂၁ တိုင် ရှိပါတယ်။ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု အနေအထားအရ လှိုင်မြို့နယ်နဲ့ မရမ်းကုန်းမြို့နယ်မှာ ရပ်ကွက်(၇) ရပ်ကွက်လောက် လေပြင်းဒဏ်ကြောင့် လျှပ်စစ်ပြတ်တောက်ပါတယ်။ လျှပ်စစ်မီး အချိန်မီရရှိရေးအတွက် ပြိုလဲသွားတဲ့ ဓာတ်အားတိုင်တွေ အသစ်လဲလှယ်ခြင်း၊ ဓာတ်ကြိုးတွေကို ပုံမှန်နေရာသို့ရောက်ရှိအောင် ပြန်လည်သွယ်တန်းပေးခြင်း အလုပ်တွေကို လျှပ်စစ်ဝန်ထမ်းတစ်ရာကျော်၊ ဝန်ချီစက်ကြီး ရှစ်စီး၊ အထောက်အကူပြုယာဉ်တွေအပါအဝင်ယာဉ် ၁၅ စီးဖြင့် ဆောင်ရွက်မှုတွေကို အမြန်ပြီးစီးနိုင်ဖို့ အင်အားသုံးဆောင်ရွက်နေမှုနဲ့ ပြတ်တောက်မှုရှိတဲ့ လျှပ်စစ်ဓာတ်အားလိုင်းကို ပြန်လည်ဖြန့်ဝေနိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်"ဟု ရှင်းပြသည်။

"ဒီနေ့မနက်စောစောက လေပြင်းတိုက်ခတ်တာ လွန်ခဲ့တဲ့နာဂစ်မုန်တိုင်း လေပြင်းတိုက်သလို မဟုတ်ဘဲ အချိန်အနည်းငယ်အတွင်း ဝုန်းခနဲ တိုက်ပြီး ဝုန်းခနဲ ပြန်ထွက်သွားသလို ခံစားရတယ်။ အန်တီ့ အထင်တော့ လေဆင်နှာမောင်းဖြစ်မယ်လို့ ထင်တယ်။ လေတိုက်မှုနဲ့အတူ တိုက်ခန်းအိမ်ရှေ့မှန်တွေ၊ ချိတ်ထားတဲ့ ဓာတ်ပုံတွေ စားပွဲပေါ်က ပစ္စည်းတွေဟာ မျက်လှည့်ပြသလို တစ်မဟုတ်ခြင်း ပျောက်သွားတာ အန်တီမြင်ရပါတယ်။ မိနစ်ပိုင်းပဲကြာမယ် ထင်တယ်။ တိုက်ခန်းမှာ အားလုံးကွဲအက်ပြီး အလူမီနီယံဘောင်တွေ အားလုံး တွန့်လိမ်သွားတယ်"ဟု ပါရမီတိုက်ခန်း(၃)ထပ်နေ ဒေါ်မနုက သူ့အတွေ့အကြုံများကို ရှင်းပြခဲ့သည်။

**(စောသိန်းဝင်း)**

## ပြည့်စုံချမ်းသာ အထပ်မြင့်လူနေအိမ်ရာ အမှတ်(၂)

- TTC (လှိုင်)
- International School of Myanmar (ISM)
- City Mart
- Juction 8



(Green Board)

Parking

KM & MST Construction Group မှ တာဝန်ယူတည်ဆောက်သည်။



## တောင်ကြီးမြို့ Miss တန်ဆောင်တိုင်ရွေးပွဲ အဝေယာကုန်းသာယာကွင်း၌ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ အဝေယာကုန်းသာယာကွင်း၌ ယမန်နေ့ ည ၇ နာရီက Miss တန်ဆောင်တိုင်ရွေးပွဲကျင်းပရာ တောင်ကြီးမြို့ရှိ ရပ်ကွက်ကိုယ်စားပြု Miss ၂၀ ဦး ယှဉ်ပြိုင်ကြသည်။**(အပေါ်ပုံ)**

အဆိုပါ Miss တန်ဆောင်တိုင်ရွေးပွဲတွင် ရေအေးကွင်းရပ်ကွက်မှ နေခြည်နွေးနွေး၊ ကံကြီးရပ်ကွက်မှ နန်းခမ်းခိုင်၊ ကံရွှေရပ်ကွက်မှ နန်းဖြူနှင်းဖွေး၊ ဈေးပိုင်းရပ်ကွက်မှ သွယ်သွယ်အေး၊ ချမ်းမြသာစည်ရပ်ကွက်မှ ဥမ္မာသိန်း၊ ကံရွှေရပ်ကွက်မှ နန်းအိအိမွန်၊ ဈေးပိုင်းရပ်ကွက်မှ ဝင့်သိင်္ဂီနွယ်၊ မြို့မရပ်ကွက်မှ အိမ့်မာန်နီခိုင်၊ ရွှေတောင်ရပ်ကွက်မှ သွယ်ဇင်နှင်း၊ ကံသာရပ်ကွက်မှ ဆုဝေမြင့်၊ ဘုရားဖြူရပ်ကွက်မှ နန်းနွမ်ပေါင်ဟွမ်၊ မင်္ဂလာဦးရပ်ကွက်မှ နန်းစုစုဟွမ်၊ စဝ်စံထွန်းရပ်ကွက်မှ ကေသီအောင်၊ လမ်းမတော်ရပ်ကွက်မှ မျိုးမမခိုင်၊ ကံရွှေရပ်ကွက်မှ သဲရတနာ၊ မင်္ဂလာဦးရပ်ကွက်မှ ရွှန်းလဲ့ရည်၊ ရတနာသီရိရပ်ကွက်မှ နန်းသက်ထား၊ ကျောင်းကြီးစုရပ်ကွက်မှ ပြည့်ပြည့်အောင်ဆု၊ ကံရွှေရပ်ကွက်မှ ခင်သဒ္ဒါယုနှင့် ကံသာရပ်ကွက်မှ နီနီဝင်းလတ်တို့က စိတ်ကြိုက်ပုံစံသုံးမျိုးဖြင့် တစ်ဦးချင်းပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**သတင်း » စိုးစိုးနိုင်(ကြေးမုံ)**
**ဓာတ်ပုံ » ဌေးအောင်(ကြေးမုံ)**

## မော်ကျွန်းမြို့ဦးစေတီပွဲတော်တွင် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲနှင့် လောင်းလှေပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၆**

မော်လမြိုင်ကျွန်းမြို့၌ နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သော (၁၆)ကြိမ်မြောက် ပြည်တော်အေးမြို့ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ ငါးတက်လှေလှော်ပြိုင်ပွဲများနှင့် မြန်မာ့ရိုးရာခုနစ်တက်လောင်းလှေပြိုင်ပွဲများကို နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့ တောင်ပိုင်းရပ် တုံးလုံမြစ်အတွင်း၌ ကျင်းပသည်။

ယင်းမြန်မာ့ရိုးရာ ငါးတက်လှေလှော်ပြိုင်ပွဲ ပွဲစဉ်များမှာ ပွဲစဉ်(၁)တွင် ညောင်တုန်း(၁) အသင်းနှင့် ကညင်ချောင်း(၁)အသင်း၊ ပွဲစဉ်(၂)တွင် ကညင်ချောင်း(၂) အသင်းနှင့် ညောင်တုန်း(၃)အသင်း၊ ပွဲစဉ်(၃)တွင် ညောင်တုန်း(၂)အသင်းနှင့် ကညင်ချောင်း(၁)အသင်း၊ ပွဲစဉ်(၄)တွင် ကညင်ချောင်း(၃) အသင်းနှင့် ညောင်တုန်း(၃)အသင်း၊ ပွဲစဉ်(၅)တွင် ညောင်တုန်း(၁)အသင်းနှင့် ညောင်တုန်း(၂)အသင်း၊ ပွဲစဉ်(၆)တွင် ကညင်ချောင်း(၂)အသင်းနှင့် ကညင်ချောင်း(၃) အသင်းတို့အကြိတ်အနယ်ပတ်လည် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့ပြင် လောင်းလှေပြိုင်ပွဲ ခုနစ်တက်တွင် မော်လမြိုင်ကျွန်းမြို့နယ်ကိုယ်စားပြု ပြည်ကြီးမော်လောင်းလှေအသင်းနှင့် မအူပင်မြို့နယ်နှင့် ညောင်တုန်းမြို့နယ် ကိုယ်စားပြု အောင်ပြည်ကျော်လောင်းလှေအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများတွင် ငါးတက်မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ ပထမတံခွန်စိုက်ဆုကို ဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆု ဆုငွေကျပ် နှစ်သိန်းနှင့် တတိယဆု ဆုငွေကျပ်တစ်သိန်းချီးမြှင့်မည်ဖြစ်ပြီး ခုနစ်တက်မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် ပထမဆု ငွေကျပ် နှစ်သိန်းနှင့် ဒုတိယဆု ကျပ်တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မော်ကျွန်းမြင့်အောင်)**



မြန်မာ့ရိုးရာ ငါးတက်လှေလှော်ပြိုင်ပွဲ ပွဲစဉ်(၂)တွင် ကညင်ချောင်း(၂)အသင်းနှင့် ညောင်တုန်း(၃)အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်လှော်ခတ်နေစဉ်။

## တရားခံပြေးများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၆ -** မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားခံပြေးများကို စဉ်ဆက်မပြတ် စုံစမ်းဖမ်းဆီးလျက်ရှိကြောင်း၊ တရားခံပြေးများသည် တိမ်းရှောင်နေစဉ်ကာလအတွင်း ပြစ်မှုများကို ထပ်မံကျူးလွန်တတ်ကြောင်း၊ မည်သူမဆို တရားခံပြေးသတင်းရလျှင် နီးစပ်ရာရဲစခန်း၊ အုပ်ချုပ်ရေးမှူးရုံးများသို့ အမြန်ဆုံးသတင်းပို့ရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ(၄၂)အရ တာဝန်ရှိကြောင်း၊ သတင်းပို့ရန်ပျက်ကွက်ပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၂ ဖြင့် အရေးယူခံရပြီး အများဆုံးထောင်ဒဏ် ခြောက်လအထိ ကျခံရနိုင်ကြောင်း၊ တရားခံပြေးအား လက်ခံထားရှိပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၂ ဖြင့် အရေးယူခံရပြီး အများဆုံးထောင်ဒဏ် ငါးနှစ်အထိ ကျခံရနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**




## Request for Quotation(RFQ)

The Lutheran World Federation (LWF) Myanmar is International Non-Government Organization (INGO) and request quotation for Office Vehicle Purchasing for LWF Myanmar Program.Please see below requirements and Interested Person contant to take RFQ Form within 7-NOV-2014 to 21-NOV-2014 at attached Address.

- **Requirements**
1. 4x4 Double Cab-Brand New/any Brand 3Nos
2. SUV Type-Brand New/any Brand 1Nos
- **Address**
  2/F, Bishop Home, No.44, Pyay Road, Dagon Township,Yangon.
- **Contant Person**
  **Lwin Aung Zaw -** 01-378078, 01-1221184 (Ext:105), 09-5165456
  **Ye Htut -** 01-378078, 01-1221184(Ext:103), 09-49322357

09318815390, 09318815395
6+1 FREE




ဆရာလင်းယော်နီ၏ ၂၀၁၅ ခုနှစ် အယူတော်မင်္ဂလာ အခါတော်ပေးပြက္ခဒိန်

၂၀၁၅ ခုနှစ်အတွက် ဆရာလင်းယော်နီ၏ နေ့သားအလိုက် ဗိဒ္ဓာမျက်လုံး ဟောစာတမ်းများ

# အေးရှားဝေါလ်ဆိပ်ကမ်း Mobile Team အဖွဲ့များ စစ်ဆေးဆောင်ရွက်

**ရန်ကုန်၊ နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများဖြစ်သော ဗိုလ်အောင်ကျော်၊ ဆူးလေ၊ မြန်မာ့စက်မှုဆိပ်ကမ်း၊ အလုံဆိပ်ကမ်း၊ အေးရှားဝေါလ်၊ ထီးတန်းနှင့် ပြည်တွင်းဆိပ်ကမ်းများဖြစ်သော သာကေတ၊ ယုဇန၊ ဝါးတန်း၊ ဗားကရာ၊ ချောင်းဝ၊ ဘုရင့်နောင်ဆိပ်ကမ်းတို့တွင် တာဝန်ပေးစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၎င်းဆိပ်ကမ်းများအနက် တစ်ခုအပါအဝင်ဖြစ်သော အေးရှားဝေါလ်ဆိပ်ကမ်းတွင် မွန်းလွဲ ၁ နာရီခန့်က တာဝန်ကျ Mobile Team အဖွဲ့များ စစ်ဆေးဆောင်ရွက်လျက်ရှိပြီး အေးရှားဝေါလ်ဆိပ်ကမ်းတာဝန်ကျ Mobile Team အဖွဲ့ခေါင်းဆောင် ဦးစိုးဝင်းမောင်က“ ကျွန်တော်တို့ဆိပ်ကမ်းမှာ တစ်ရက်ကို အမယ်စုံ ပါဝင်တဲ့ ကွန်တိန်နာအလုံးရေ ၃၀၀ မှ ၄၀၀ ထိ အဝင်အထွက်ရှိပါတယ်။ Red Channel ကိုအကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများက စစ်ဆေးမှာဖြစ်ပါတယ်။ Yellow Channel ကို X-ray ဖြတ်ကာ Green Channel ကို သက်ဆိုင်ရာဌာနများ၏ စာရွက်စာတမ်းများပြည့်စုံပါက စစ်ဆေးမှုမပြုဘဲ ထွက်ခွာခွင့်ပြုပါမယ်။ Yellow Channel နဲ့ Green Channel ကွန်တိန်နာများက သတင်းရ၍သော်လည်းကောင်း၊ စစ်ဆေးရန်လိုအပ်၍သော်လည်းကောင်း ရွေးထုတ်၍ ဆူးလေမြေပြင် ကုန်ချစစ်သို့ ပို့ဆောင်မှာဖြစ်ပါတယ်။ ဆူးလေမြေပြင်ကုန်ချစစ်သို့ တစ်ရက်ကို ပျမ်းမျှကွန်တိန်နာခြောက်လုံးပို့ဆောင်ပေးပါတယ်”ဟု ၎င်းက ပြောသည်။

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီသည် နိုင်ငံတော်အခွန်ငွေ တိုးတက်ရရှိရေး၊ တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ် ရောက်ရှိရေးအတွက် ဌာနစုံ (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းမီဒီယာများ) ပါဝင်သော Mobile Team အဖွဲ့များဖွဲ့၍ သက်ဆိုင်ရာနေရာအသီးသီးမှာ တာဝန်ပေးထမ်းဆောင်စေလျက်ရှိပါသည်။

၎င်းဆိပ်ကမ်းတွင် တစ်ပတ်လျှင် နိုင်ငံတကာသွား သင်္ဘောအဝင်အထွက် သုံးစီးခန့်ရှိပြီး တာဝန်ကျဝန်ထမ်းအင်အား ၃၅ ဦး တာဝန်ထမ်းဆောင်နေပြီး ယခုအထိ အရေးယူမှုအပိုင်းတွင် Without Body ကားတစ်စီးနှင့် C.O အလွဲ၊ Brand အလွဲ၊ အပို၊ အမှား ၂၂ မှု စစ်ဆေးတွေ့ရှိရပြီး သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းနောက် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ ကွပ်ကဲမှုတာဝန်ခံရုံးမှ ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက ပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းခြောက်ခုတွင် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ အမယ်စုံပါဝင်သော ကွန်တိန်နာအလုံးရေ ၂၈၀၄၀ လုံး အဝင်အထွက်ရှိပြီး ဆူးလေမြေပြင်ကုန်ချစစ်သုံး ၄၀၈ လုံး ပို့ဆောင်စစ်ဆေးခဲ့ပြီး ကွန်တိန်နာအလုံး ၄၀ မှာ C.O အလွဲ၊ Brand အလွဲ၊ အပို၊ အမှားများတွေ့ရှိရကြောင်း၊ ကွန်တိန်နာအားလုံး၏ နှစ်ရာခိုင်နှုန်းခန့်သာ စိစစ်ဆောင်ရွက်နေသည့်အတွက် ကုန်သွယ်မှုအပိုင်းမှာ အဟန့်အတားလုံးဝမရှိကြောင်းပြောကြားခဲ့သည်။

ယင်းပြင် ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းကယခုလို စစ်ဆေးသည့်အတွက် တိကျမှန်ကန်သည့် ဖြစ်စဉ်များ တဖြည်းဖြည်းတွေ့ရှိရပြီး ကုန်သွယ်မှုအပိုင်းမှာလည်း တရားဝင်လမ်းကြောင်းပေါ်မှ ကောင်းသောယှဉ်ပြိုင်မှုများ ဖြစ်ပေါ်လာစေမှာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ **ကျော်မြင့်အေး(ပြန်/ဆက်)**

# ရန်ကုန်ဆန်ဈေးကွက်သို့ ပေါ်ဆန်းယဉ်ဆန်သစ်များ ဈေးနှုန်းအမြင့်ဖြင့် စတင်ဝင်ရောက်

**ရန်ကုန်၊ နိုဝင်ဘာ ၆**

ရန်ကုန်ဝါးတန်းဆန်ကုန်စည်ဒိုင်သို့ နိုဝင်ဘာ ၄ ရက်က ကျိုက်လတ်၊ မြောင်းမြဒေသထွက်ပေါ်ဆန်းယဉ်ဆန်သစ်များ တစ်အိတ်လျှင် ၃၀၀၀၀၊ ၃၁၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချမှုရှိလာရာ ယခုနှစ်ပိုင်းများတွင်ပေါ်ဆန်းယဉ်ဆန်သစ်ဈေးနှုန်းအမြင့်ဖြင့်ရောင်းချရခြင်းဖြစ်ကြောင်း ကုန်စည်ဒိုင်မှ ဆန်ကုန်သည်တစ်ဦးက ပြောသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလဆန်းတွင်ပေါ်ဆန်းယဉ်အသစ်တစ်အိတ်ကျပ် ၁၈၀၀၀ မှ ၂၀၅၀၀ အတွင်း၊ ၂၀၁၃ ခုနှစ်နိုဝင်ဘာလဆန်းတွင် ကျပ် ၂၁၅၀၀ မှ ၂၆၅၀၀ အတွင်းသာ ရောင်းချရာမှ ယခုနှစ်နိုဝင်ဘာလဆန်းတွင်ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ် ၄၄၅၀၀ ကျပ်၊ မြစ်ဝကျွန်းပေါ် ပေါ်ဆန်းတွင် ရွှေဘိုပေါ်ဆန်း အဟောင်းတစ်အိတ် ၃၃၀၀၀ ကျပ်၊ ပလတ်စတစ်အိတ် ၃၅၀၀၀ ကျပ်ရှိသဖြင့် ဈေးနှုန်းအမြင့်ဖြင့် ပေါ်ဆန်းယဉ်အသစ်များ ရောင်းချနိုင်ခြင်းဖြစ်သည်ဟု ဘုရင့်နောင်ပွဲရုံဝင်း ပိတောက်လမ်းတွင် ဆန်လုပ်ငန်းလုပ်ကိုင်သူ ကိုဝင်းဇော်ကပြောသည်။

မိုးစပါးကြမ်းအသစ် ၅၂ ပေါင်တိုက် တင်းအရောလျှင် ၃၈၀၀၀၀ ကျပ်နှုန်းဖြင့် ဆန်စက်အရောက်ဝယ်ယူခဲ့ပြီး ကြိတ်ခွဲ၍ ရန်ကုန်ဈေးကွက်သို့တင်ပို့ရာ မနောသုခဆန်သစ်တစ်အိတ်လျှင် ၁၄၈၀၀ ကျပ်နှုန်း၊ ပခန်းဆန်သစ်တစ်အိတ်လျှင် ၁၅၂၀၀ ကျပ်နှုန်းဖြင့် ရောင်းချရကြောင်း၊ ၂၀၁၂ မိုးရာသီကုန်ခါနီးတွင် ကျောင်းကုန်း-ဒါးကနယ်တွင် ရေကြီးမှုကြုံတွေ့ရကြောင်းဆန်စက်ပိုင်ရှင်များက ပြောသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလကုန်နှင့် နိုဝင်ဘာဒုတိယပတ်အတွင်းရှိ မိုးရွာသွန်းမှုရှိခဲ့ကြောင်း ၂၀၁၃ ခုနှစ်နိုဝင်ဘာလဆန်းတွင်လည်း မိုးရွာသွန်းမှုကြုံတွေ့ရခြင်း၊ သို့သော် ချိန်ခါမဲ့မိုး ကြုံတွေ့နေရချိန်တွင် ရိတ်သိမ်း၊ ခြွေလှေ့အခြောက်ခံစက်များ အသုံးပြုမှုများလာသဖြင့် ရိတ်သိမ်းကြိတ်ခွဲရာတွင် ယခင်အချိန်အခါများကဲ့သို့ အခက်အခဲများကြုံတွေ့ရမှုမရှိတော့ကြောင်း ကျောင်းကုန်းမြို့အဝင်ရှိ ဆန်စက်ပိုင်ရှင်တစ်ဦးက ပြောသည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလဆန်းတွင် နွေဆန်တစ်အိတ် ၁၆၃၀၀ ကျပ်မှ ၁၇၀၀၀ ကျပ်၊ မနောသုခဆန်သစ်တစ်အိတ် ၁၄၈၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလဆန်းတွင် နွေဆန်တစ်အိတ် ၁၉၀၀၀ ကျပ်၊ မနောသုခဆန်သစ်တစ်အိတ် ၁၆၀၀၀ ကျပ်၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလဆန်းတွင် နွေဆန်တစ်အိတ် ၁၅၅၀၀ ကျပ်မှ ၁၅၈၀၀ ကျပ်ရှိခဲ့ရာ မိုးစပါးဆန်ကြမ်းကြိတ်ခွဲရောင်းချရာတွင် ဈေးနှုန်းနည်းသော်လည်း ပေါ်ဆန်းစပါးအသစ်ကြိတ်ခွဲရောင်းချရာတွင် ဈေးမြင့်ရရှိကြောင်း ခတ္တာလမ်း ဘုရင့်နောင်ပွဲရုံဝင်းတွင် ဆန်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကပြောသည်။

**မောင်စေအောင်**


## ရွှေရတုတိပိဋကဓရ[illegible]ပါလမျက်စိဆေးရုံ
## အထူးကျေးဇူးတင်ရှိခြင်း

[illegible] Dr.Rattiya Pornchaisuree (Pediatric Opthalmology & Strabismus) [illegible]

[illegible]

[illegible] Dr.Somsran Watanachote [illegible] PECF [illegible] Dr.Geoffery Cohn [illegible] Dr.Biddya Prasad Pant, Dr.Anna Shrestha [illegible] (MECP) [illegible]

[illegible]

**ရွှေရတုတိပိဋကဓရ[illegible]ပါလမျက်စိဆေးရုံ**

# KBZ BANK
# ကမ္ဘောဇဘဏ်လီမိတက်

(၁၈၈)ဘဏ်ခွဲ ဗိုလ်တထောင်ဘုရားလမ်းဘဏ်ခွဲ

(၁၈၉)ဘဏ်မြောက် ဝေဇယန္တာလမ်းဘဏ်ခွဲ

(၁၉၀)ဘဏ်မြောက် ပြည်သူ့ရင်ပြင်ဘဏ်ခွဲ

(၁၉၁)ဘဏ်မြောက် သံဖြူဇရပ်ဘဏ်ခွဲ

(၁၉၂)ဘဏ်မြောက် မြောက်ဦးဘဏ်ခွဲ တို့ကို

ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ် ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ပြည်သူများအားသတင်းကောင်းပါးအပ်ပါသည်။

## သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

**ဗိုလ်တထောင်ဘုရားလမ်းဘဏ်ခွဲ**

(၁၈၂/၁၉၄)ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၉၀၁၀၆၄၂/၄၃၊ ဖက်စ်-၀၁-၉၀၁၀၆၄၄

**ဝေဇယန္တာလမ်းဘဏ်ခွဲ**

(၂၀၀/၂၈၁)ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၀၀၁၅၆၊ ဖက်စ်-၀၁-၅၆၃၄၆၉

**ပြည်သူ့ရင်ပြင်ဘဏ်ခွဲ**

(G-54)မြေညီထပ်၊ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်ဝန်း၊ ဒဂုံမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀ ၉၅၄၉၀၄

**သံဖြူဇရပ်ဘဏ်ခွဲ**

(၈၀)သောင်ဆန်းလမ်း၊ ကော်သစ်ရပ်၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်။ ဖုန်း-၀၅၇-၇၉၉၅၆၃/၆၄၊ ဖက်စ်-၀၅၇-၇၉၉၅၆၅

**မြောက်ဦးဘဏ်ခွဲ**

(၁၉/ဈ)ရန်ကုန်-စစ်တွေလမ်းမကြီး၊ ဆင်များဝီပဲရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်။ ဖုန်း-၀၄၃-၅၀၃၀၁၊ ဖက်စ်-၀၄၃-၅၀၃၀၄

# သထုံမြို့ဗူးဘုရားနှစ်ကျိုပ်ရှစ်ဆူ ရုပ်ပွားတော်မြတ်များ အကြိမ်(၄၀)မြောက် မြို့လုံးကျွတ် လှည့်လည်ပူဇော်ခံ



**သထုံ၊ နိုဝင်ဘာ ၆**

မွန်ပြည်နယ်၊ သထုံမြို့ ဗူးဘုရားစေတီတော်တွင်ပူဇော်ထားရှိသော နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံများ စုပေါင်းကာသထုံမြို့အနှံ့အပူဇော်ခံနိုင်ရန်အတွက် နှစ်ရက်ကြာလှည့်လည်ခဲ့ကြကြောင်း သိရသည်။

"နိုဝင်ဘာ ၃ ရက်က မြို့မြောက်ဘက်နဲ့ ၄ ရက်မှာ မြို့တောင်ဘက်ကို ညနေ ၆ နာရီဝန်းကျင်လောက်က စပြီးလှည့်လည်တာပါ။ တစ်နှစ်မှာ တစ်ကြိမ် အပူဇော်ခံတာဖြစ်ပြီး ဒီနှစ်ဆို အကြိမ် (၄၀) မြောက်ရှိပါပြီ။ တစ်မြို့လုံးက ဝမ်းမြောက်ဝမ်းသာ ဖူးမြော်ကြပြီး ဘုရားလှည့်တဲ့အဖွဲ့တွေကို ကောက်ညှင်းပေါင်း၊ မုန့်၊ အချိုရည်စတဲ့ အစားအသောက်တွေ လှူဒါန်းကျွေးမွေးကြတာလည်း အတော်များပါတယ်" ဟု လှည့်လည်အပူဇော်ခံရာတွင် ပါဝင်ဆင်နွှဲသူတစ်ဦးက ပြောသည်။

ဗူးဘုရားဓမ္မာရုံအတွင်း တစ်နှစ်ပတ်လုံး ကိန်းဝပ်စံပယ်တော်မူသော နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်များကို တန်ဆောင်မုန်းလဆန်း ၁ ရက်မှ စတင်ကာ ရပ်ကွက်၊ ကျေးရွာများမှဒေသခံများက မိမိတို့နေရာသို့ အသင်းအဖွဲ့များအလိုက် ပင့်ဆောင်ပူဇော်ခဲ့ကြပြီး လှည့်လည်ပွဲကျင်းပမည့် နေ့ရက်တွင် ပြန်လည်ပို့ဆောင်ကာ ယခုကဲ့သို့ စုပေါင်းလှည့်လည်ကြခြင်းဖြစ်သည်။

အဆိုပါရုပ်ပွားတော်များအား (တန်ဆောင်မုန်းလဆန်း ၁၄ ရက်) နိုဝင်ဘာ ၅ ရက်တွင်လည်း သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်မှ ပြည်သူများ စုပေါင်းကာ ဆီမီး၊ အိုးစည်၊ ဒိုးပတ်တို့ဖြင့် စည်ကားစွာ လာရောက်ပင့်ဆောင်ပြီး လှည့်လည်ပူဇော်သွားမည်ဖြစ်ကြောင်း ဗူးဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျေးလက်ကျန်းမာရေးဌာနခွဲ စတင်ဆောက်လုပ်

**ကလေး၊ နိုဝင်ဘာ ၆**

ကလေးမြို့နယ် ကျော်ရွာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ ကျပ် ၅၇ ဒသမ ၇ သန်း အကုန်အကျခံကာ အောင်မိုးမြေကုမ္ပဏီက ဩဂုတ် ၆ ရက်မှ စတင်ဆောက်လုပ်ကြောင်းသိရသည်။

ယင်းကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသည် အလျား ၄၁ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၀ ပေ ရှိ RC တစ်ထပ်နှင့် ဝန်ထမ်းအိမ်ရာသည် အလျား ၃၈ ပေ၊ အနံ ၂၅ ပေ ရှိ နှစ်ခန်းတွဲ RC တစ်ထပ်ဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး ပြီးစီးပါက ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် အထောက်အကူပြုလာမည် ဖြစ်သည်။

အဆိုပါအဆောက်အအုံဆောက်လုပ်မှုလုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**ဂျိုးနက်**

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော်စည်ကား

**တောင်ကြီး၊ နိုဝင်ဘာ ၆**

မြန်မာတွင်သာမက ကမ္ဘာမှာပါ ထင်ရှားကျော်ကြားသည့် ရှမ်းပြည်နယ် တောင်ကြီးမြို့၏ ပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ ကျင်းပရှိရာ နိုဝင်ဘာ ၂ ရက်တွင်လည်း နေ့လွှတ်အရုပ်များ၊ ညမီးကြီးမီးပုံးပျံများ၊ စိန်နားပန်မီးပုံးပျံများ၊ တေးဂီတဖျော်ဖြေပွဲများ၊ ဈေးရောင်းပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာခရီးသွားပြည်သူများ၊ နိုင်ငံခြားဧည့်သည်များ၊ ဒေသခံပြည်သူများ၊ မီးပုံးပျံဝါသနာအိုးများမှ တစ်ခဲနက် ပျော်ရွှင်အေးချမ်းစွာ ကြည့်ရှုအားပေးခဲ့ကြပြီး နေ့လွှတ်အရုပ် ၂၄ ရုပ်၊ ညမီးကြီး ၁၀ လုံး၊ စိန်နားပန်လေးလုံး လွှတ်တင်၍ ပြိုင်ပွဲဝင်ခဲ့ကြောင်း သိရသည်။

**နိုင်ဝင်းထွန်း**

## တစ်ရွာတစ်ဧက ယူကလစ် (သစ်မာ) စိုက်ခင်း လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပ

**မြဝတီ၊ နိုဝင်ဘာ ၆**

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာန၏ ကျေးလက်အိမ်ရာထူထောင်ရေးလုပ်ငန်းစီမံချက်ဖြင့် တစ်ရွာတစ်ဧက ယူကလစ်(သစ်မာ) စိုက်ခင်းလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဖလူးကျေးရွာအုပ်စု၊ ဖလူးကြီးကျေးရွာ၊ တပ်ဦးဘေးမဲ့ဘုန်းတော်ကြီးကျောင်းတွင် နိုဝင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။ ပထမဦးစွာ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်က အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ကျေးလက်အိမ်ရာထူထောင်ရေးလုပ်ငန်းစီမံချက် တစ်ရွာတစ်ဧက ယူကလစ် (သစ်မာ) စိုက်ခင်း လွှဲပြောင်းပေးအပ်သည့်လက်မှတ်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက ဖလူးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က ဖလူးကျေးရွာအုပ်စု ထီးမယ်ဝါးခီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဌေးမြင့်အောင်အားလည်းကောင်း အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## သာစည်မြို့နယ်တွင် မြို့နေလူထုရေသုံးစွဲမှုလုံလောက်စေရေး ရေပေးဝေရေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်

**သာစည် နိုဝင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့ရေပေးဝေဖြန့်ဖြူးနိုင်ရေးအတွက် လက်ရှိ စက်ရေတွင်းနှစ်တွင်းဖြင့် မြို့ရေပေးဝေနေမှုအပြင် ယခုဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်းပေါင်း ၁၃၆၆ သိန်းကျော် အကုန်အကျခံပြီး မြို့နယ်ဂေါက်ကွင်းအတွင်းတွင် ရှစ်လက်မစက်ရေတွင်း လေးတွင်း တူးဖော်ခြင်းကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ ရှစ်လက်မ စက်ရေတွင်းများနှင့်အတူ ရေဂါလန် ၅၀၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်တစ်ခု၊ ရေစက်ရုံ လေးရုံနှင့် ဂါလန် ၁၀၀၀၀ဆံ့ စင်မြင့်ရေစင် တစ်စင်တို့ကို တည်ဆောက်နေပြီဖြစ်သည့်အပြင် ၁၆၀ KVA ထရန်စဖော်မာထိုင်ရန်အတွက်ပါ ပြင်ဆင်နေကြသည်ကို တွေ့ရသည်။

ယခုထပ်မံတိုးချဲ့သည့်လုပ်ငန်းများ ပြီးစီးသွားပါက ဂေါက်ကွင်းရေစက်ရုံများမှ မြို့တွင်းရေစင်အမှတ်(၂)သို့ ပိုက်လိုင်းသွယ်ပြီး ရေများပေးပို့သွားမည်ဖြစ်သည်။ သာစည်မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့ရေပေးဝေမှု ကြန့်ကြာမှုမရှိစေရေးအတွက်လည်းကောင်း၊ မြို့လူထုအား သန့်ရှင်းသော သောက်သုံးရေကို ရာနှုန်းပြည့်ရရှိခံစားနိုင်ရေးအတွက်လည်းကောင်း အစွမ်းကုန်ကြိုးစားဆောင်ရွက်နေပြီး မြို့သာယာလှပရေးကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ယခင်က မြို့ရေပေးဝေရာတွင် စက်ရေတွင်းကိုးတွင်းရှိရာ ခုနစ်တွင်းမှာ ရေလုံးဝမထွက်တော့ဘဲ ကျန်နှစ်တွင်းမှရေဖြင့် မြို့ပေါ်ရပ်ကွက်များသို့ အလှည့်ကျစနစ်ဖြင့် ဖြန့်ဖြူးပေးဝေနေသောကြောင့် မြို့လူထုမှာ ရေမလုံလောက်သည့်အတွက် ပြင်ပမှလာရောင်းသော ရေများကို ဈေးကြီးပေးဝယ်ယူသုံးစွဲနေကြရသဖြင့် ရေသုံးစွဲမှုတွင် ငွေကြေးအကုန်အကျများနေကြောင်း သိရသည်။

သာစည်မြို့နယ် စည်ပင်သာယာရေးကော်မတီက မြို့ပေါ်ရပ်ကွက်ကြီး ခုနစ်ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ အိမ်တိုင်ရာရောက် ရေပေးဝေလျက်ရှိရာ ယနေ့အထိ အိမ်တိုင်ရာရောက်ရေယူတိုင်ပေါင်း ၁၄၇၄ တိုင်ရှိကြောင်းသိရပြီး အမှတ်(၁)ရေစင်မှ ရေပေးဝေရေးလိုင်း နှစ်လိုင်းဖြင့် အမှတ်(၁)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇) ရပ်ကွက်များသို့ လည်းကောင်း၊ အမှတ်(၂)ရေစင်မှ ရေပေးဝေရေးလိုင်းပေါင်း ၂၆ လိုင်းဖြင့် အမှတ်(၁)၊ (၄) ရပ်ကွက်များသို့ လည်းကောင်း အလှည့်ကျစနစ်ဖြင့် ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**မောင်ကို(သာစည်)**











### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၇၅၈၊ မြေကွက်တည်နေရာအမှတ်-၇၅၈၊ သမိန်ဗရမ်းလမ်း၊ ဒလမြို့နယ် ဦးအောင်ခင်ဇော် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်ခင်ဇော်ထံမှ ၂၀-၉-၂၀၀၈ရက် အရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဘေရာမူတူး (ခ)ဝင်းနိုင်[၁၂/မဂတ(ဧည့်)၀၀၀၁၉၇] ၂၆-၉-၂၀၁၃ရက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ [၁၂/မဂတ(ပြု)၀၀၁၁၁၅]မှ ၂၁-၈-၂၀၁၄ရက် ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တာကြီး၊ မြေကွက်အမှတ်-၅၁၊ မြေကွက်တည်နေရာအမှတ်-၅၁၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ် ဦးစိုးဝင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးစိုးဝင်းထံမှ ၁၁-၁၁-၁၁၊ ၃၀-၁၁-၁၁နှင့် ၃၀-၁၂-၁၁ရက် အရပ်ကတိ စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဘေရာမူတူး (ခ)ဝင်းနိုင်[၁၂/မဂတ(ဧည့်)၀၀၀၁၉၇] ၂၆-၉-၂၀၁၃ရက် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ပါကျွန်းရီတာ[၁၂/မဂတ(ပြု)၀၀၁၁၁၅]မှ ၂၁-၈-၂၀၁၄ရက် ကတိသစ္စာပြုလွှာ၊ သေစာရင်း၊ ထောက်ခံကတိသစ္စာပြုလွှာတို့တင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၁၀၈၂/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၀၈၂/ခ)၊ ရွှေဘို(၁၃)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ဝင်းကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဇနီး (ဒေါ်ဝင်းကြည်)ကွယ်လွန်သဖြင့် ဦးမောင်ဆိုင်[၁၂/ဥကတ(နိုင်)၀၇၄၇၂၇]က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





## မီးသတ်စခန်း ဆောက်ရန် မြေပန်ကျက်တင်ပွဲ ကျင်းပ

**နတ်တလင်း၊ နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မီးသတ်တပ်ဖွဲ့၏ ငါးယူနစ်နှစ်ထပ်မီးသတ်စခန်းတည်ဆောက်ရန် နိုဝင်ဘာ၅ရက် နံနက် ၉ နာရီက ပန္နက်တင်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦးက ရွှေပန္နက်၊ ခရိုင်ဦးစီးအရာရှိ ဦးကျော်ကျော်က ငွေပန္နက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်လွင်က ပုလဲပန္နက်၊ မြို့နယ်အထောက်အကူပြုကော်မတီ ဦးတင်ထွဋ်က ပတ္တမြားပန္နက်ကို မင်္ဂလာအချိန်အခါတွင် အသီးသီး စိုက်ထူကြပြီး အောင်သပြေပန်းဖြင့် အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

မီးသတ်အဆောက်အအုံမှာ အလျား ၆၅ ပေ၊ အနံ ၅၂ ပေ၊ အမြင့်၂၅ပေ ဖြစ်ပြီး အာစီကွန်ကရစ် နှစ်ထပ်ဆောင် ဆောက်လုပ်မည်ဖြစ်သည်။ AB Suk ကုမ္ပဏီမှတာဝန်ယူ ဆောက်လုပ်မည်ဖြစ်ကာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ချထားပေး၍ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အပြီးဆောက်လုပ်မည် ဖြစ်ကြောင်း ဆောက်လုပ်ရေးတာဝန်ခံ ဦးသက်ဦးက ပြောသည်။ **ဝ၇၁**

## ရဲလုပ်ငန်းဆိုင်ရာများ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန်၊ နိုဝင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး (တောင်ပိုင်းခရိုင်) ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့တွင် ရဲလုပ်ငန်းဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးဥပဒေများ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂ရက် နံနက် ၁၁ နာရီက ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့ ကျောက်တန်းမြို့မရဲစခန်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်စိုးက ရဲလုပ်ငန်းဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးဥပဒေများကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့သည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ မြို့နယ်ဒုအုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်း၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ရပ်မိရပ်ဖများ၊သတင်းထောက်များတက်ရောက်ခဲ့ကြသည်။

**မောင်မောင်မြင့်ငွေ(ကျောက်တန်း)**



တောင်ငူ မြို့တည်နန်းတည် ၅၀၄ နှစ်ပြည့်အထိမ်းအမှတ် ရှင်သာမဏေနှင့် ရဟန်း ၅၀၄ ပါးအား သာသနာ့ဘောင် သွတ်သွင်းချီးမြှောက်ပွဲကို နိုဝင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီက သာသနာ့ဟိတကာရီဗိမာန်တော်ကြီးတွင် ကျင်းပပြုလုပ်ပေးခဲ့ကြောင်းသိရသည်။ အခမ်းအနားတွင်ဩဝါဒါစရိယ ကြာကန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တသူရိယမှ ရှင်သာမဏေနှင့် ရဟန်း ၅၀၄ ပါးအား သွတ်သွင်းချီးမြှောက်ခဲ့သည်။ ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများမှ ဩဝါဒကထာမိန့်ကြားခဲ့သည်။ သတင်းနှင့် ဓာတ်ပုံ- ကိုလွင်(ဆွာ)

## ကွမ်းခြံကုန်းမြို့နယ်တွင် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးမှုအားအရေးယူ

**ရန်ကုန်၊ နိုဝင်ဘာ ၆**

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကွမ်းခြံကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတထိန်းသိမ်းရေး စဉ်ဆက်မပြတ်ငါးထုတ်လုပ်နိုင်ရေးအတွက် ရှောင်တခင်စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။

ထိုသို့ ရှောင်တစ်ခင်စစ်ဆေးရာအောက်တိုဘာ ၃၁ ရက် ညနေ ၆ နာရီခန့်က တော်ကူးအနောက်ကျေးရွာအုပ်စု တော်ကူးအနောက်တံတားအနီးအေးမြသာယာကျေးရွာနေ အဘဦးမြင့်စိုး၏သား ဦးအောင်ကိုဦး၊ အသက် ၂၉ နှစ်သည် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းပြီး ပြန်လာစဉ် စစ်ဆေးဖမ်းဆီးမိသည့်အတွက် ကွမ်းခြံကုန်းမြို့မရဲစခန်းတွင် ရန်ကုန်တိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**စိန်တိုး(ကွမ်းခြံကုန်း)**

## ကလေးမြို့တွင် ခေတ်မီဈေးသစ်ကြီး တည်ဆောက်မည်

**ကလေး၊ နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လက်ရှိမြို့မဈေးကြီးနေရာတွင် ခေတ်မီဈေးသစ်ကြီး တည်ဆောက်နိုင်ရေးအတွက် ကလေးမြို့စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး၊ မြို့အထောက်အကူအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတာဝန်ရှိများနှင့်ဈေးသူဈေးသားများ ဆွေးနွေးတိုင်ပင်လျက် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဈေးသူဈေးသားတွေကတော့အချက် ၁၂ ချက်တင်ပြထားပါတယ်။ အဓိကကတော့ဈေးအဖွဲ့က ဖွဲ့စည်းထားတဲ့ဈေးကော်မတီနဲ့ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြုအဖွဲ့နဲ့ တိုင်ပင်ဆောင်ရွက်သွားဖို့ပါ။ နောက်တစ်ခုက ကျွန်တော်တို့ဈေးအဖွဲ့ပါ။ ဈေးတည်ဆောက်ရေးကော်မတီအနေနှင့် မြို့မဈေးကြီးအသစ်ဆောက်ပြီးလို့ ဈေးဆိုင်ခန်းတွေ ပြန်လည်နေရာချထားသည်အထိ သက်ဆိုင်ရာနဲ့ ကျွန်တော်တို့က လက်တွဲဆောင်ရွက်ပေးဖို့ တင်ပြတောင်းဆိုတာဖြစ်ပါတယ်" ဟု ဈေးကော်မတီမှအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ကလေးမြို့ မြို့မဈေးကြီးသည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန် ၁၉၅၀ ခုနှစ်ဝန်းကျင်က ကလေးမြို့ကလေးဝ၊ မော်လိုက်မြို့များတွင် မြူနီစပယ်ဈေးဟူ၍ တည်ဆောက်ခဲ့သောဈေးဖြစ်သည်။ဈေးရုံကြီးသည် သက်တမ်း၅၀ကျော်ရှိပြီး (က၊ ခ၊ဂ၊ဃ၊ င၊ စ၊ ဆ၊ဇ၊ ပုံကျဈေးရုံ)ဟူ၍ ဈေးရုံပေါင်းကိုးရုံရှိကာ ယင်းဈေးတွင်ရှစ်ပေပတ်လည်ဆိုင်ခန်းပေါင်း ၃၄၁ ခန်း၊ ၈ ပေ × ၆ ဆိုင်ခန်း ၆၄ ခန်း၊ လိုင်စင်ရအမည်ပေါက်ကုန်စိမ်းတန်း ၃၉၀ ဆိုင်ခန်းပေါင်း၇၅၉ ခန်းရှိသည်။

"ဈေးသစ်ဆောက်ပြီဆိုတာနဲ့ ကျွန်တော်တို့ ဒီမှာရောင်းချနေတဲ့ဈေးသည်တွေကိုယ့်နေရာကိုယ် အနီးစပ်ဆုံးပြန်ရဖို့လိုပါတယ်။နောက်ပြီးကားထိုးစရာနေရာ၊ ဆိုင်ကယ်ထားစရာ နေရာပါရှိဖို့လိုအပ်ပါတယ်။ကျွန်တော်တို့ ဈေးကြီးတွေ ပြန်ဆောက်လိုက်တိုင်းနေရာတွေကိုပြောင်းလဲပစ်တာ နီးစပ်ရာလူတွေကို နေရာကောင်းတွေပေးတာ စတဲ့ပြဿနာတွေမဖြစ်အောင် လုပ်ပေးဖို့လိုပါတယ်"ဟု ယင်းဈေးမှဈေးသည်တစ်ဦးက ပြောသည်။ **လင်းလက်ကြယ်စင်**

# လုပ်ငန်းခွင်၌ ထိခိုက်သေဆုံးမှုကို အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အကျိုးခံစားခွင့်နာရေးစရိတ် ပေးအပ်

**ဖြူး၊ နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ဘူတာမြောက်ရပ်ကွက် (၂၇)လမ်း ဦးညွန့်မောင် တွင်ခုံနှင့်စက်မှုလက်မှုအလုပ်ဌာနမှ လုပ်ငန်းခွင်တွင် သေဆုံးသွားသူ အာမခံအလုပ်သမား မောင်မြင့်မြတ် အသက်၂၄ နှစ် ၏ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၁၁ နာရီက ဖြူးမြို့ ၁၁ လမ်းရှိ အိန်းချွမ်းခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်း၊ ဖြူးမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်နှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်အောင်နှင့် ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တိုင်းဦးစီးအရာရှိ ဦးစောတင်ဦး၊ ဖြူးမြို့နယ် လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံ ဒေါ်ခင်သန်းညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် ထိခိုက်သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများ တက်ရောက်ကြသည်။

အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဖြူးမြို့ လူမှုဖူလုံရေးရုံးခွဲတွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် ဦးညွန့်မောင် တွင်ခုံနှင့် စက်မှုလက်မှုလုပ်ငန်းမှ အာမခံအလုပ်သမား မောင်မြင့်မြတ်၏ အကျိုးခံစားခွင့်နှင့် နာရေးစရိတ် ၁၂၄၄၄၀၀ ကျပ်ကို ကျန်ရစ်သူ ဖခင် ဦးဘုန်းသိန်းအား ဒုတိယဝန်ကြီးက ပေးအပ်သည်။

ထို့နောက် ဖြူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်အောင်နှင့် လုပ်ငန်းခွင်ထိခိုက်သေဆုံးသူ၏ ဖခင် ဦးအုန်းသိန်းတို့က ကျေးဇူးတင်စကားများပြောကြားခဲ့သည်။ **ဖြူးမြင့်ဦး**


















# လူကုန်ကူးမှုတားဆီး ကာကွယ်ရေးနှင့် ကျန်းမာရေးအသိ ပညာပေးဟောပြော

**ဆိပ်ဖြူ၊ နိုဝင်ဘာ ၆**

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်ရှိ အိမ်တွင်းမှုအသက်မွေးပညာသင်ကျောင်းတွင် နိုဝင်ဘာ၄ ရက် နံနက် ၁၀ နာရီက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်းသိရသည်။

ထိုဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီဝင်း၊ ခေတ္တမြို့နယ်ရဲမှူး ဒုရဲမှူးအောင်စံကျော်၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးသိန်းနိုင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အိမ်တွင်းမှုသင်တန်းနည်းပြနှင့် သင်တန်းသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊လူမှုရေးအသင်းအဖွဲ့များ စုပေါင်းအင်အား ၁၀၀ ဦးတက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ခေတ္တမြို့နယ်ရဲမှူးက လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူးက ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခြင်းများဆောင်ရွက်ခဲ့ကြသည်။ **ကျော်ဇေယျ**



မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အလယ်ကုန်းကျေးရွာ မူလတန်းလွန်ကျောင်းတွင် နိုဝင်ဘာ ၄ ရက်က ကျောင်းသား၊ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းပြုလုပ်ပေးရာတွင် ကျောင်းသား၊ ကျောင်းသူ (၁၂၀) ဦးတို့ကို ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။

သတင်းနှင့်ဓာတ်ပုံ - ဇော်ဝင်းအောင်

## မြို့သစ်မြို့နယ်တွင် အရန်မီးသတ်(မွမ်းမံ)သင်တန်းဆင်းပွဲကျင်းပ

**မကွေး၊ နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက မြို့သစ်မြို့နယ် အရန်မီးသတ်(မွမ်းမံ)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၊ မြို့နယ် ရဲမှူးရဲထွန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်သင်တန်းသား ၁၀၅ ဦးတို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဆင်းအမှာစကားပြောကြားခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌတို့မှ သင်တန်းတွင် ဆုရရှိသည့်သင်တန်းသားများအား အသီးသီးဆုများချီးမြှင့်ပေးခဲ့သည်။

ယင်းနောက် မြို့နယ်ရဲမှူးက အရန်မီးသတ်တပ်ဖွဲ့ဝင် ဦးသန်းထွန်းအား အရန်မီးသတ်ဒုတပ်ရင်းမှူးရာထူးတာဝန်ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက သင်တန်းသားများအား အသီးသီးသင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ ကြောင်း သိရှိရသည်။ **ကျော်ဇေယျ**

## အောင်လံမြို့နယ်၊ သံချိတ်ကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့်လူနေအိမ်နှစ်လုံးပျက်ဆီး

**အောင်လံ၊ နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ကျောက်ပန်းတောင်းကျေးရွာအုပ်စု၊ သံချိတ်ကျေးရွာတွင် နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် အဆိုပါကျေးရွာရှိ ဦးပေါက်စ၊ အသက် ၆၁ နှစ်၏ နေအိမ် ခြံဝန်းအတွင်းမှ ထန်းပင်သည် ၎င်းနေအိမ်ပေါ်သို့လဲခဲ့သဖြင့် နေအိမ်ပျက်ဆီးခဲ့ပြီး အဆိုပါကျေးရွာရှိ ဦးလှသိန်းထွန်း၊ အသက် ၃၈ နှစ်၏ နေအိမ်တစ်လုံးအမိုးလန်ပျက်ဆီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်ဆီးသွားသည့် နေအိမ်များမှ မိသားစုဝင် များသည် ထိုကျေးရွာရှိ ဆွေမျိုးသားချင်းများနေအိမ်များတွင် ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး အဆိုပါ နေအိမ်နှစ်လုံးအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ရွှေ၊ ရွာခွဲတာဝန်ခံ ဦးခင်အေးနှင့်အဖွဲ့၊ကျေးရွာအထောက်အကူပြုအဖွဲ့တို့ ပူးပေါင်းကူညီပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျ**

# ပုဂံတွင် ဆိုင်ကယ်ကယ်ရီမောင်းသူက နိုင်ငံခြားသား၏ပျောက်ဆုံးပစ္စည်းကိုပြန်အပ်နှံ

**ညောင်ဦး၊ နိုဝင်ဘာ ၆**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသတွင် အောက်တိုဘာ ၂၉ ရက်က ကမ္ဘာလှည့်ခရီးသွား ဧည့်သည်တစ်ဦးပစ္စည်းနှင့် ငွေများထည့်ထားသည့် အိတ်တစ်လုံး ကျပျောက်သွားခဲ့ရာ အဆိုပါအိတ်အား ဆိုင်ကယ်ကယ်ရီမောင်းသူတစ်ဦးက ကောက်ယူတွေ့ရှိ၍ ပိုင်ရှင်ဖြစ်သူထံသို့ တာဝန်သိစွာဖြင့် ပြန်လည်အပ်နှံပေးခဲ့သည်။

ဖြစ်စဉ်မှာ ပုဂံမြို့သစ်ရှိ Noutherm Breeze Hotel တွင် တည်းခိုနေထိုင်သော ထိုင်းနိုင်ငံသူ Miss. Pattrawadee သည် အောက်တိုဘာ ၂၉ ရက် နံနက် ၅ နာရီခန့်က ရွှေဆံတော်ဘုရားသို့ နေထွက်ရှုခင်းကြည့်ရှုရန်အတွက် လျှပ်စစ်စက်ဘီးဖြင့် သွားရောက်ခဲ့ရာ လမ်းတွင် အပြာရောင်မိုးကာအိတ်တစ်လုံး ကျပျောက်သွားခဲ့ကြောင်းကို ၎င်းကိုယ်တိုင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့စုမှူးရုံး (ပုဂံ)သို့ လာရောက် အကြောင်းကြားခဲ့သည်။

တပ်ဖွဲ့စု (ပုဂံ)မှ ရဲအုပ်ညွန့်ဝင်းဦးဆောင်သော လှည့်ကင်းအဖွဲ့မှ ပစ္စည်းပျောက်ဆုံးသူထိုင်းနိုင်ငံသူနှင့်အတူ လိုက်လံရှာဖွေပေးခဲ့ကြောင်း၊ ထိုသို့ရှာဖွေနေစဉ် ညောင်ဦးမြို့မရဲစခန်းမှ ညောင်ဦးမြို့၊ အမှတ်(၁)ရပ်ကွက်၊ သီရိမင်္ဂလာရပ်နေ၊ ဦးဖိုးခွား(ခ) ဦးမြင့်စန်း၊ အသက် ၄၈ နှစ်၊ ဆိုင်ကယ်ကယ်ရီမောင်းသူသည် ပုဂံမြို့၊ အနော်ရထာလမ်းနှင့် ရွှေဆံတော်ဘုရားလမ်းဆုံတွင် အိတ်တစ်လုံး ကောက်ရ၍ ညောင်ဦးရဲစခန်းသို့ အပ်နှံထားကြောင်း အကြောင်းကြားချက်အရ ထိုင်းနိုင်ငံသူနှင့်အတူ ညောင်ဦးရဲစခန်းသို့သွားရောက်ခဲ့ပြီး လာရောက်အပ်နှံထားသော အိတ်အားပြသခဲ့ရာ ၎င်းပျောက်ဆုံးသော အိတ်ဖြစ်ကြောင်း သိခဲ့ရသည်။

ထို့နောက် သက်သေများရှေ့၌ ၎င်း၏အိတ်အတွင်းမှ ပစ္စည်းများအား စစ်ဆေးခဲ့ရာ အိတ်အတွင်း၌ Fuji Film 36X အနက်ရောင်ကင်မရာတစ်လုံး၊ Dtac အမှတ် တံဆိပ်ပါ အဖြူရောင်ဟန်းဆက်တစ်လုံး၊ Thai National ID ကတ်တစ်ကတ်၊ အမေရိကန်ဒေါ်လာ ၁၀၀ တန်တစ်ရွက်၊ ၅၀ တန်တစ်ရွက်၊ ၁၀ တန်ကိုးရွက် စုစုပေါင်း ဒေါ်လာ ၂၄၀၊ ထိုင်းဘတ် ၂၀ တန် ခုနစ်ရွက်၊ GMUB CARLSON ကတ်တစ်ကတ်၊ Driving License ကတ်တစ်ကတ်၊ Bang Kok Bank BE 1st SMART ကတ်တစ်ကတ်၊ Me Pattrawadee Thanodonrid ပါကတ်တစ်ကတ်၊ Pattrawadee Credit ကတ်တစ်ကတ်၊ HGByg Memory စတစ်တစ်ခုနှင့် ကတ်တစ်ကတ်၊ ထိုင်းအကြွေစေ့ ၁၁ စေ့၊ မြန်မာငွေ ၇၈၉၅၀ ကျပ် နှင့် ပတ်စ်စပို့စာအုပ်တစ်အုပ်တို့ ပါဝင်ကြောင်း သိရသည်။

ထို့နောက် ပြန်လည်ရှာဖွေတွေ့ရှိခဲ့သော ထိုင်းနိုင်ငံသူ၏ အပြာရောင်မိုးကာအိတ် အား ညောင်ဦးမြို့မရဲစခန်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်စိန်၊ တပ်ဖွဲ့စု (ပုဂံ)မှ ရဲအုပ်ညွန့်ဝင်းနှင့် ပစ္စည်းကောက်ရတွေ့ရှိသူ ဦးဖိုးခွားတို့က ပိုင်ရှင်ဖြစ်သူ ထိုင်းနိုင်ငံသူထံ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။ ထိုင်းနိုင်ငံသူက ပစ္စည်းပြန်လည်အပ်နှံခဲ့သော ဦးဖိုးခွား၏ စာရိတ္တအား ကျေးဇူးတင်ဂုဏ်ပြုသည့်အနေဖြင့် အမေရိကန် ဒေါ်လာ ၁၀ နှင့် ထိုင်းဘတ် ၂၀ တို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**




**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စ)၊ မြေကွက်အမှတ်(၅၉၈)၊ မြေကွက်တည်နေရာအမှတ်(၅၉၈)၊ သန္တာ(၃)လမ်း၊ (ဒေါ်သူဇာလင်း)[၁၂/ဗဟန(နိုင်) ၀၀၁၀၄၃)]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်၊ (တရားရုံး) ကိုယ်စားအရှေ့ပိုင်းခရိုင်တရားရုံးမှ ခန့်အပ်ခြင်းခံရသူ ဘီလစ် ဒေါ်မင်းမင်းကြိုင်[၉/ခမစ(နိုင်)၀၀၄၆၂၁]မှ ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်(၃၄၆/၂၀၁၄)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၁၂၉/၂၀၁၄) အမိန့်နှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-ဝဘာဂီ)၊ မြေကွက်အမှတ်-၈၇၊ မြေကွက်တည်နေရာအမှတ် (၈၇)၊ မြို့ပတ်လမ်း၊ ၄ ဝဘာဂီရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒုဗမကသန်းမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်က ၂၀၀၀ခုနှစ်တွင် ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံမှာ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းကိုယ်စား ကိုယ်စားလှယ်လွှဲစာအမှတ်-၁၇၂၂၃(၁၆-၉-၁၃)ဖြင့် လွှဲအပ်ခံရသူ အထူးကိုယ်စားလှယ် ဒေါ်ငွေးငွေးဝင်း[၁၂/လမတ(နိုင်)၀၀၄၇၅၈]၊ ဒေါ်ခင်မာချို[၁၂/ဥကတ(နိုင်)၀၂၅၈၀၉]တို့က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ (၄၉၆၃/၁၄) (၂၈-၃-၁၄) တို့ဖြင့် တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်သူမပေါ်ပေါက်ပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



တွေ့ဆုံမေးမြန်း - ဟန်နီဝင်း
သတင်းဓာတ်ပုံ
ဦးကျော်ဇေယျ၊ ဦးသန်းဦး၊ ဦးကိုကိုလေး

# ကြိုတင်ပြင်ဆင်မှုများနှင့် အထူးတာဝန်တပ်ဖွဲ့ဝင်များ

မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရသည့်အချိန်အတွင်း အောင်မြင်စွာ ကျင်းပနိုင်ရန် ကဏ္ဍပေါင်းစုံမှ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ လာရောက်ကြမည့် နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၏ လုံခြုံရေးတာဝန်ထမ်းဆောင်ကြမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတာဝန်တပ်ဖွဲ့ဝင်များ၏ ကြိုတင်လေ့ကျင့်မှုများကို မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)က သွားရောက်မေးမြန်းခဲ့ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတာဝန်တပ်ဖွဲ့ဝင်များသည် ကြိုတင်လေ့ကျင့်မှုများကို စဉ်ဆက်မပြတ်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး ထိုသို့လေ့ကျင့်မှုများနှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ်မှ မေးမြန်းရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အထူးတပ်ဖွဲ့ဝင် ရဲအုပ်ဘိုဘိုမော်ဝင်းက "ဒီနေ့က အာဆီယံအတွက် အရေးကြီးပုဂ္ဂိုလ် ယာဉ်တန်းတွေအတွက် လုံခြုံရေး လိုက်ပါဆောင်ရွက်တာကို လေ့ကျင့်ခြင်းဖြစ်ပါတယ်။ အရေးကြီးပုဂ္ဂိုလ်တွေလာရင် လေဆိပ်သွားကြိုမယ်။ ကြိုပြီးတဲ့အခါ VIP ယာဉ်တွေရဲ့ ရှေ့ကနေ အထူးတာဝန်တပ်ဖွဲ့က မြားဦးပုံနဲ့ ဆိုင်ကယ်ယာဉ်တန်းပုံစံကို လေ့ကျင့်ခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ တပ်ဖွဲ့ဝင်တွေကို လေ့ကျင့်ပေးပြီးသားလည်းဖြစ်တော့ အခက်အခဲတော့မရှိပါဘူး။ ပုံစံနည်းနည်းပြောင်းသွားတာလေးပဲ ရှိပါတယ်။ လာမည့် အာဆီယံအစည်းအဝေးအတွက် လေ့ကျင့်မှုတွေကို

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ◆

# တိုင်းဒေသကြီးနှင့်ပြည်နယ်နပန်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဖျော်ဖြေရေးအဖွဲ့များ ဝတ်စုံပြည့်လေ့ကျင့်



**စစ်တွေ နိုဝင်ဘာ ၆**

နိုင်ငံ့ဂုဏ်ဆောင် နပန်းမျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် နပန်းအားကစားပြိုင်ပွဲကြီးကို နိုဝင်ဘာ ၇ ရက်မှ ၉ ရက်အထိ စစ်တွေမြို့ ဝေသာလီအားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းနပန်းအားကစားပြိုင်ပွဲကြီးနှင့်အတူ ဒေသတွင်းအားကစားပြိုင်ပွဲများဖြစ်သည့် U-၂၀ ခရိုင်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၊ ခရိုင်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အသက်(၁၈)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲများကို နိုဝင်ဘာ ၁ ရက်မှစတင်ကာ ပြိုင်ပွဲအမျိုးအစားအလိုက် စစ်တွေမြို့၏ သတ်မှတ်နေရာများတွင် သတ်မှတ်ရက်များအလိုက် ကျင်းပလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် နပန်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက် ညနေ ၅ နာရီတွင် စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကျောင်းသားကျောင်းသူများ၊ ရခိုင်ပြည်နယ်ကိုယ်စားပြု ယိမ်းအကများ၊ ကျင်ယိမ်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့နှင့် အခြားအစီအစဉ်များအလိုက် ပါဝင်ဆောင်ရွက်မည့်သူများ စုစုပေါင်းအင်အား ၂၉၃၂ ဦးတို့က

**စာမျက်နှာ ၅ ကော်လံ ၅ သို့** ✳



